


# ကျန်းမာတုန်းနွားလိုခိုင်းတာ

# သုခဝေဒနာ

## အိမ်တွင်းပဋိစ္စသမုပ္ပါဒ်

(၂၆၀)

ဟောကြားသည့်နေ့

၂၉ – ၉ – ၆၁

ကျေးဇူးတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၂၀) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

0328

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ကျန်းမာတုန်းနွားလိုခိုင်းတာ
# သုခဝေဒနာ

(အိမ်တွင်းပဋိစ္စသမုပ္ပါဒ်)

THITSARPARAMI LIBRARY
Date ..........................

ဟောကြားသည့်နေ့

( ၂၉-၉-၁၉၆၁ )

စာမူခွင့်ပြုချက်အမှတ် - ၇၅/၉၉ (၂)
အဖုံးခွင့်ပြုချက်အမှတ် - ၁၀၈/၉၉ (၃)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြဲ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ချုပ်။
အမှတ်-၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြဲ - ၀၆၆၅၆)
လောကမျှလပုံနှိပ်တိုက်
အမှတ်-၈၄/၈၆၊ လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားဆုံးမတော်မူသော တရားတော်

# ကျန်းမာတုန်းနွှားလိုစိုင်းတာ သုခဝေဒနာ

(အိမ်တွင်းပဋိစ္စသမုပ္ပါဒ်)

ဟောကြားသည့်နေ့ (၂၉-၉-၆၁)

အိမ်ထဲမှာ အလုပ်-လုပ်ပြီးသကာလ နေတဲ့ဥစ္စာ ဒကာ ဒကာမတွေ ကိုယ့်အိမ်ကိုယ့်ရာမှာပဲ အလုပ်လုပ်ပြီးသကာလ နေကြငြားသော်လည်း သတိလွတ်ကင်းပြီးသကာလ နေမယ်၊ ပညာလွတ်ကင်းပြီးသကာလနေမယ်ဆိုရင်လည်း အိမ်ထဲကနေပြီးသကာလ အပါယ်လေးပါး သွားနိုင်သေးတယ်နော်. . . (မှန်ပါ့ဘုရား)။

## ကိုယ့်လုံခြုံရေး၊ကိုယ်သတိထား

ဒါကြောင့်အိမ်ထဲမှာ သတိထားဖို့ အိမ်တွင်းပဋိစ္စသမုပ္ပါဒ်ကိုလည်း ဒကာ ဒကာမတွေဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောခဲ့တဲ့အတွက် ကိုယ့်လုံခြုံရေးကို ကိုယ်သတိထားဖို့ရာသည် အိမ်တွင်းမှာ သူခိုးဝင်လို့ရှိရင်ဖြင့် အိမ်ရှင် မသက်သာသလို ကိလေသာ သူခိုးဝင်လာပြီဆိုမှဖြင့် ဒကာ ဒကာမတို့ ခန္ဓာကြီးပါ ဆုံးရှုံးပြီး သကာလ ဒုက္ခအကြီးအကျယ် ရောက်တော့မယ်ဆိုတာ ဒကာကြွယ် မှတ်ရလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

ဒါကြောင့် အိမ်တွင်းပဋိစ္စသမုပ္ပါဒ်ကို ဒကာ ဒကာမတွေ မနှစ်ကတစ်ခါဟောတယ်. . . (မှန်ပါ့)၊ ဒီနှစ်တစ်ခါ ဒကာ ဒကာမတွေ မေ့ပျောက်ကုန်တော့မယ်ဆိုပြီးသကာလသတိထားဖို့ ပညာနဲ့ရှုဖို့ ဒါအင်မတန် အရေးကြီးပါတယ်. . . (မှန်ပါဘုရား)။

တစ်ခါဥပုသ်စောင့်နေတယ် အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်နား မလည်လို့ရှိရင် သီလညှိုးပြီးသကာလ နေပြန်တာပဲ. . . (မှန်ပါ့)၊ ဝိပဿနာအလုပ်-လုပ်နေတယ်၊ လုပ်တုန်းအခိုက်အတန့်ပဲ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်အချိန်မှာ အင်း. . . ပဋိစ္စသမုပ္ပါဒ်ပါ နားလည်အောင် လုပ်နေတာပါကလား ဒါအပါယ်လေးပါးသွားဖို့ အကြောင်းပါလားလို့ မသိပြန်လို့ရှိရင်လည်း မဖြတ်တတ်ပါဘူး. . . (မှန်ပါ့ဘုရား)။

## အိမ်တွင်းဝိပဿနာဆိတ်နေမှာစိုးလို့

အဲ့ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ယနေ့ ဟောမည့်တရားသည် အိမ်တွင်းဝိပဿနာ ဆိတ်နေမှာစိုးလို့ အိမ်တွင်းကနေပြီးသကာလ အပါယ်လေးပါးကိုသွားနေတတ်တဲ့ တရားဖြစ်လေသောကြောင့် အိမ်တွင်းပဋိစ္စသမုပ္ပါဒ်ကိုလည်း ဖြတ်မှရမယ်ဆိုတာ ဒကာသစ်တို့ မှတ်ရလိမ့်မယ်. . . (မှန်ပါ့ ဘုရား)။

ကောင်းပြီ ဒီဥစ္စာက သုတ်မဟာဝါပါဠိတော် မဟာပဒါ သုတ်မှာလည်း လာပါတယ်။ အင်္ဂုတ္တိုရ် ပါဠိတော်မှာလည်း လာ တယ်လို့ ဒကာကြွယ်ကိုယ်တော်တိုင် ဟောတာမှတ်ရမယ်. . . (မှန်ပါ့ဘုရား)။

ကိုင်း. . . ဒါဖြင့် ဂရုစိုက်ပြီးသကာလ ဒကာ ဒကာမတွေ နားထောင်ပါတဲ့၊ ဒီဒကာ ဒကာမတွေမှာ ပစ္စည်းရှာကြတယ်၊ ပစ္စည်းရှာကြတာသည်ကားလို့ဆိုရင် ဘယ်သူ့အတွက်ရှာကြပါ လိမ့်မလဲလို့မေးတဲ့အခါကျလို့ရှိရင်ဖြင့် ကောင်းကောင်းနေချင်လို့ ဆိုတဲ့ အဓိပ္ပာယ်က ထွက်လာတယ်. . . (မှန်ပါ)၊ ကောင်း ကောင်းဝတ်ချင်တယ်ဆိုတဲ့အဓိပ္ပာယ်ထွက်လာတယ်. . . (မှန်ပါ့)၊ ကောင်းကောင်းစားချင်လို့ ကောင်းကောင်းနေချင်လို့ဆိုတဲ့ အဓိပ္ပာယ်ထွက်လာတယ်. . . (မှန်ပါဘုရား)။

## ပစ္စည်းရှာတာကောင်းကောင်းနေချင်လို့

ပစ္စည်းရှာတာ ကောင်းကောင်းနေချင်၊ ကောင်းကောင်း စားချင်၊ ကောင်းကောင်းဝတ်ချင်လို့ဆိုတဲ့ အဓိပ္ပာယ်ဖြင့် ဒကာသစ် ငြင်းဖို့မလိုတော့ဘူး. . . (မလိုပါဘုရား)။

ဒကာ ဒကာမတွေ ပစ္စည်းရှာတာ ဘာဖြစ်လို့တုံးဆိုတော့ အို. . . တပည့်တော်တို့ဘုရား လူချင်းတူတူ သူချင်းမျှမျှ သူများနဲ့ အထက်တန်းကျကျဆိုသလိုပဲ နေချင်တယ်၊ စားချင်တယ်၊ ဝတ်ချင်တယ်ဘုရာ့ဆိုတော့ ကောင်းကောင်းနေချင်၊ ကောင်း ကောင်းစားချင်၊ ကောင်းကောင်းဝတ်ချင်တယ် ဆိုကတည်း ကိုက ဒကာသစ် အကဲခတ်တာပေါ့ ဩော်. . . ဝေဒနာအတွက် ပါလား. . . (မှန်ပါ့ဘုရား)။

ဘယ်သူ့အတွက်ပါလိမ့်. . . (ဝေဒနာအတွက်ပါ)မှတ် ထားကြပါ၊ မှတ်ထားကြပါတဲ့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ ဝေဒနာအ တွက်. . . (မှန်ပါ့ဘုရား)။

## ဝေဒနာအတွက်ပစ္စည်းရှာတာ

ဘယ်သူ့အတွက်ပါလိမ့်. . . (ခန္ဓာကိုယ်ထဲမှာ ရှိတဲ့ ဝေဒနာအတွက်ပါဘုရား)။

ဩော်. . . ဘုန်းကြီးတို့ဒကာ ဒကာမတွေ ကောင်း ကောင်းစားရအောင်၊ ကောင်းကောင်းနေရအောင်၊ ကောင်း ကောင်းဝတ်ရအောင်၊ ဆေးကောင်းနဲ့ မကျန်းမာလည်းကုနိုင်

အောင် ဆရာဝန်ကောင်းကောင်းနဲ့ ကုနိုင်အောင်ဆိုတော့ ကောင်းဖို့အတွက် ဒကာ ဒကာမတွေ ပစ္စည်းရှာကြတာပဲ. . . (မှန်ပါ့ဘုရား)။

ဒကာကြွယ်ရေ ဒါဖြင့် ကောင်းကောင်းဆိုတဲ့ ဥစ္စာသည် ဘယ်ဟာပါလိမ့်မတုံးဆိုတော့ သုခဝေဒနာ. . . (မှန်ပါ့)၊သဘော ကျပလား. . . (ကျပါတယ်ဘုရား)။

ဩော်. . . ဒကာဒကာမတွေ ခန္ဓာကိုယ်ထဲမှာ ဝေဒနာ ကလည်း သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့ရှိတော့ ဒါဝေဒနာ့အတွက် ရှာကြတာပဲ. . . (မှန်ပါ့)၊ ဝေဒနာဆိုတော့ ဝေဒနာက္ခန္ဓာပေါ့ဗျာ. . . (မှန်ပါ့)၊ ဝေဒနာဆိုတော့ ဘာဆိုကြ မယ်. . . (ဝေဒနာက္ခန္ဓာပါဘုရား)။

ဝေဒနာက္ခန္ဓာ ဘယ်မှာရှိပါလိမ့်မလဲလို့ ဒကာဒကာမ တွေကစစ်တမ်းထုတ်လိုက်တဲ့အခါကျတော့ ခန္ဓာထဲမှာ. . . (မှန် ပါ့ဘုရား)။

## ဝေဒနာခံစားချင်လို့

ဝေဒနာက္ခန္ဓာဘယ်မှာရှိပါလိမ့်. . . (ခန္ဓာထဲမှာရှိပါ တယ်)၊ ဩော်. . . ဒါဖြင့် ဒကာဒကာမတွေ ပစ္စည်းရှာကြတာ ဟာလိုချင်လို့ရှာကြတာတော့ ဟုတ်ပါတယ်တဲ့၊ဘယ်သူ့အတွက် လိုချင်တာတုံးမေးတော့ဝေဒနာခံစားချင်လို့ လိုချင်တာ. . . (မှန်ပါ့)၊ မှတ်မိကြပလား. . . (မှတ်မိပါပြီဘုရား)။

အင်း. . . ဘယ့်နှယ်ကြောင့် ပစ္စည်းရှာလိုချင်ကြပါလိမ့် မတုံး၊ မရ မကလုရှာနေကြပါလိမ့်မလဲလို့ ဒကာကြွယ်တို့၊ ဒကာ သစ်တို့ မေးရင် ဘယ့်နှယ်ပြောကြမလဲ. . . (ဝေဒနာခံစားချင် လို့ပါဘုရား)။

ဒါဖြင့်. . . ဝေဒနာကလာတယ်. . . (မှန်ပါ့)၊ သဘော ကျပလား. . . (ကျပါပြီဘုရား)။

## ခန္ဓာကြီးကဝေဒနာကန္ဒန္ဓာ

အားလုံးဒကာ ဒကာမတွေ ခင်ဗျားတို့ခန္ဓာကိုယ်ကြီးဟာ ဝေဒနာက္ခန္ဓာမှတ်ထား. . . (မှန်ပါ့)၊ သုခပေဒနာ အတွက်လဲ ကောင်းကောင်းစားချင်လို့ ရှာတယ်. . . (မှန်ပါ)၊ကောင်းကောင်း ဝတ်ချင်လို့. . . (ရှာပါတယ်)၊ ကောင်းကောင်းလှူချင်လို့. . . (ရှာပါတယ်)၊ ကောင်းကောင်းနေချင်လို့. . . (ရှာပါတယ်)၊ ဒါဖြင့် ကောင်းကောင်းဆိုတဲ့ဥစ္စာ ဝေဒနာ. . . (မှန်ပါ့ဘုရား)။

ကောင်းကောင်းဆိုတာ ဘာပါလိမ့်. . . (ဝေဒနာပါ ဘုရား)၊ဒကာကြွယ်သဘောပါပလား. . . (ပါပါပြီဘုရား)။

ဒကာဒကာမတွေမှာတဲ့ ဘာဖြစ်ဖြစ် သူတို့ ကျုပ်က ကောင်းကောင်းမှ ကြိုက်တယ်ဆိုတော့ ကောင်းကောင်းဆိုတဲ့ ဥစ္စာကဒကာသစ်တို့မှတ်မိပါပြီ. . . (မှတ်မိပါပြီ)၊သုခဝေဒနာကို သူပြောတာ. . . (မှန်ပါဘုရား)။

## သုခဝေဒနာ

ဘယ်ဝေဒနာပြောပါလိမ့်. . . (သုခဝေဒနာပြောပါတယ်)၊ သုခဝေဒနာပြောတာပဲ. . . (မှန်ပါ့ဘုရား)။

ဩော်. . . ဒကာဒကာမတွေသူများအတွက်ရှာနေကြတယ် အောက်မေ့တယ်၊ မဟုတ်ပါလား. . . ဝေဒနာအတွက်ရှာနေကြတယ်. . . (မှန်ပါ့ဘုရား)။

ဒကာသစ် ဘာဖြစ်ချင်လို့ ဆိုင်ကနားတွေ သွားနေပါလိမ့်မတုံး. . . ချမ်းသာချင်လို့ပေါ့ဘုရား. . . (မှန်ပါ့)၊ ဘာချမ်းသာချင်သလဲ၊ ကိုယ်ချမ်းသာချင်တယ်၊ စိတ်ချမ်းသာချင်တယ်ဘုရား၊ အနေချမ်းသာချင်တယ်ဘုရား၊ အသွားချမ်းသာချင်တယ်ဘုရား. . . (မှန်ပါ့)၊ အသွားချမ်းသာချင်တယ်ဆိုတော့ ကားတို့ဘာတို့ကောင်းကောင်းမွန်မွန် စီးနိုင်ဝယ်နိုင်မှ အသွားချမ်းသာမှာကိုး. . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ချမ်းသာချင်လို့ ဒကာဒကာမတို့ပစ္စည်းရှာကြတယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့်ဒကာဒကာမတို့ ချမ်းသာတာသည် ဘယ်သူပါလိမ့်မတုံးလို့မေးတဲ့အခါကျတော့ ဒကာဒကာမတွေ လက်သည်အစစ်အရင်းအမြစ်ကို ရှာလို့ရှိရင်ခန္ဓာပဲ. . . (မှန်ပါ့)၊

ဘယ်ခန္ဓာပါလိမ့်ဗျာ. . . (ဝေဒနာက္ခန္ဓာပါဘုရား)၊ ဩော်. . . ဒကာဒကာမတွေဝေဒနာက္ခန္ဓာလို့မှတ်ထားပါ. . . (မှန်ပါ့ဘုရား)။

## ၁။ မျက်စိဝေဒနာ

ဝေဒနာကန္ဒာကလည်း ဘယ်နှစ်မျိုးရှိသတုံးဆိုတော့ အမြင်ချမ်းသာချင်တဲ့ဝေဒနာလည်းရှိတယ်. . (မှန်ပါ့)၊ကိုယ့်အိမ်ကိုယ့်ရာလာကြည့်တဲ့အခါကျလို့ရှိရင် စိတ်ထဲမှာအေးသွားတာပဲ၊ အခုမှပဲကိုယ့်အိမ်ကိုယ့်ရာကလေးနဲ့ ကိုယ်ပိုင်လေးနဲ့ နေရတော့ဆိုပြီး အမြင် ချမ်းသာတာ ဝေဒနာကြောင့်. . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ)။

## ၂။ နားဝေဒနာ

ဟိုနားနေရတာ ဟိုအိမ်ကဆူ၊ ဒီအိမ်ကပွက်နဲ့ နေရာမကျပါဘူး၊ သီးခြားကလေး ကိုယ့်ဟာကိုယ်ပဲ ခပ်အေးအေး ကိုယ့်အကြင်လင်မယားနဲ့ ကိုယ့်သားသမီးနဲ့စိတ်အေးလက်အေး ကလေး၊ကျယ်ကျယ်ဝန်းဝန်းကလေး လေပြည်လေညင်းရှုပြီး သကာလ နေချင်တယ်ဆိုတာလည်း ဒကာ ဒကာမတို့ စိတ်အေး လက်အေး နားဆိတ်ဆိတ် နေချင်တယ်ဆိုတော့ နားဝေဒနာ အတွက်လည်း ဒကာဒကာမတွေ ရှာကြရတယ်. . . (ရှာကြရပါတယ်ဘုရား)။

## ၃။ နှာခေါင်းဝေဒနာ

နှာခေါင်းဝေဒနာအတွက်ကလည်း ဒီနေရာမှာ နံလိုက်တာ၊ စော်လိုက်တာ၊ပုပ်လိုက်တာ၊လူတွေကလည်းမွဲလိုက်တာ၊ ဆင်းရဲလိုက်တာ၊ညစ်ပတ်လိုက်တာ၊ဒီနေရာမှာဘယ်တော့မျှားအကြောင်းညီညွတ်ပြီး ဝင်ကျွတ်ပါ့မလဲဆိုပြီး ရှာကြတယ်. . . (မှန်ပါ့ဘုရား)၊နှာခေါင်းဝေဒနာအတွက်လည်း ဘာလုပ်ကြသလဲ. . . (ရှာကြပါ တယ်ဘုရား)။

## ၄။ လျှာဝေဒနာ

လျှာဝေဒနာကလည်းတဲ့ ဒကာဒကာမတို့၊ အင်း ဒီဟင်းနဲ့ဒီ ထမင်းနဲ့ဖြင့် အသက်မှရှည်နိုင်စရာမရှိဘူး၊ ကောင်းကောင်းမွန်မွန်ကလေး၊ ဖွယ်ဖွယ်ရာရာကလေးမှ မစားရ၊ မသောက်ရလို့ရှိရင်လည်း လူဖြစ်ရကျိုးတောင်မနပ်ဘူးဆိုပြီး သကာလလျှာဝေဒနာကောင်းကောင်းမွန်မွန် စားရအောင်ဆိုပြီး လျှာဝေဒနာအတွက်ကြောင့်လည်း ဒကာဒကာမတွေရှာကြရတယ်. . . (မှန်ပါ့)၊ မရှာကြရဘူးလား. . . (ရှာရပါတယ်ဘုရား)။

လျှာဝေဒနာအတွက်ကြောင့်လည်းရှာရတော့ ဩော်. . . ရှာတဲ့လူကဒကာဒကာမတို့ မသေရုံတစ်မယ်ကျန်တယ်၊ ခိုင်းလိုက်တဲ့ဝေဒနာကဖြင့် မျက်စိဝေဒနာ၊ နားဝေဒနာ၊ နှာခေါင်းဝေဒနာ၊လျှာဝေဒနာ. . . (မှန်ပါ့)၊ ဝေဒနာဘယ်နှစ်မျိုးရှိသွားပလဲ. . . (လေးမျိုးပါဘုရား)၊ လေးမျိုးရှိသွားပြီနော် ဒကာဒကာမတို့. . . (မှန်ပါ့)။

## ၅။ ကိုယ်ဝေဒနာ

ကိုယ်ပေါ်မှာလည်း ဒကာဒကာမတွေက အင်း. . . ဒီအထည်ကြမ်းကြမ်းကြီးဖြင့် မဝတ်ပါရစေနဲ့. . .၊ အထည်နု၊ အထည်ကောင်းဝတ်ပြီးသကာလ နေချင်တဲ့ဆန္ဒ၊ လူမြင်၊သူမြင်လို့မှ မတော်အောင်ဖြစ်နေတဲ့ကြမ်းထော်ထော်၊ အဆင်အစရှိသည်တို့ အချိုးမကျ၊ ကိုယ့်ပစ္စည်းနဲ့ကိုယ် တိုင်းချိန်ဝတ်နေရလို့ ဒီအဝတ်အစားတွေ ဒီလိုဝတ်ပြီးသကာလနေရတယ်၊ဒီအဝတ်ထက်ဘယ်တော့များ တက်ပါ့မလဲ ဒါ. . . လူတို့၏ ကြံလုံးပေါ့ဗျာ. . . (မှန်ပါ့)။

ဒကာကြွယ်ဒီဥစ္စာ ရှိတာချည့်ပဲနော်. . . (ရှိပါတယ်ဘုရား)၊ အဲဒီတော့ ဒါ. . . ကိုယ့်ဝေဒနာအတွက်ကိုယ်ပေါ်မှာ ကောင်းကောင်းဝတ်ချင်တဲ့အတွက်လည်း. . . တဲ့ဒကာဒကာမတို့ ကိုယ့်ဝေဒနာလည်းရှိတယ်. . . (ရှိပါတယ်ဘုရား)၊ ဒါဖြင့်. . . ဘယ်နှမျိုးရှိသွားပလဲ. . . (ငါးမျိုးပါဘုရား)။

## ၆။ မနောဝေဒနာ

မနောဝေဒနာကရှိသေးတယ်၊ မကြောင့်မကြ မတောင့်မတရဘဲနဲ့စိတ်ကလေး အေးအေးကလေးနဲ့ ဒီနေ့အလုပ်မလုပ်လည်းကိစ္စမရှိဘူး၊ တစ်လအလုပ်မလုပ်လည်း ကိစ္စမရှိဘူး၊ ဒီလိုနားခွင့် ကလေးတွေယူပြီးသကာလ စိတ်ချမ်းသာ လက်ချမ်းသာ

နဲ့နေရအောင်လို့လည်း ဒကာဒကာမတွေ စိတ်ကူးရှိကြ တယ်. . . (ရှိပါတယ်ဘုရား)။

## ခိုင်းနေတဲ့ဝေဒနာကဇခြောက်မျိုး

အဲဒီတော့ စိတ်ချမ်းသာ၊ လက်ချမ်းသာကလေး ဘယ်တော့နေရပ့ါမလဲ ဆိုပြီးသကာလ စိတ်ချမ်းသာချင်မှုဆိုတဲ့ ဝေဒနာဟာလည်း ခင်ဗျားတို့ကိုခိုင်းပါတယ်. . . (မှန်ပ့ါ)။

ဝေဒနာ ဘယ်နှမျိုးရှိသွားပလဲ. . . (ခြောက်မျိုးပါဘုရား)၊ ခြောက်မျိုးရှိသွားပြီ. . . (မှန်ပ့ါ)။

ဒကာဒကာမတို့ခင်ဗျားတို့ကို ခိုင်းနေတဲ့ဝေဒနာက ဘယ်နှမျိုးရှိပါလိမ့်. . . (ခြောက်မျိုးရှိပါတယ်ဘုရား)။

## လုပ်တဲ့လူကတစ်ယောက်တည်း

ဩော်. . . ဒကာသစ်ခိုင်းတဲ့ဝေဒနာကခြောက်မျိုး လုပ်တဲ့လူကတစ်ယောက်တည်း. . . (တစ်ယောက်တည်းပါဘုရား)။

ဒကာကြွယ်ခိုင်းတဲ့ဝေဒနာ. . . (ခြောက်မျိုးပါဘုရား)၊ လုပ်တဲ့လူက. . . (တစ်ယောက်တည်းပါဘုရား)၊ မသေဘဲကျန်ရစ်တာတော်သေးတယ်. . . (မှန်ပ့ါ)။

ခိုင်းတဲ့ဝေဒနာ မျက်လုံးပေါက်ကလည်း ဒီအိမ်တွေဟာ

ကြည့်မကောင်းသေးပါဘူး၊ ပြင်ချင်ဆင်ချင်တဲ့မျက်လုံးအမြင်နဲ့ ကိုပဲ မအားအောင် အိမ်တစ်လုံးကလည်း ခိုင်းလိုက်တဲ့ဖြစ်ခြင်း. . . (မှန်လှပါဘုရား)၊ အကြမ်းစားပြီးပြန်လည်း အနုထည်ဆေးသုတ်ဖို့က ကျန်သေးတယ်. . . (မှန်ပါ့)။

ဒါ. . . ဘယ်ဝေဒနာအတွက်ပါလိမ့်. . . (မျက်လုံးပေါက်ဝေဒနာအတွက်ပါဘုရား)။

မျက်လုံးဝေဒနာအတွက်လည်း ဒကာသစ်တို့ အားသေးသလား. . . (မအားပါဘုရား)၊ အစားတော့ပြည့်စုံပြီးအနေကလိုသေးတယ်. . . (မှန်ပါ)။

အစားတော့ပြည့်စုံပြီဆိုတော့အမြင်ဝေဒနာကမကောင်းပြန်တော့လည်း ဒကာကြွယ်ရေ. . . သူ့အတွက်လည်း တဏှာနဲ့ရှာကြရဦးမှာပဲ. . . (မှန်ပါ့)၊မရှာရပေဘူးလား. . . (ရှာကြရပါတယ်ဘုရား)။

## ဝေဒနာကကြီးစိုးနေတယ်

ဩော်. . . ခင်ဗျားတို့ ဘယ်သူက ဒကာကြွယ်တို့၊ ဒကာသစ်တို့ကို အုပ်ချုပ်နေပါလိမ့်မလဲ. . . ဆိုလို့တော့ ဝေဒနာကနေပြီးသကာလ မင်းဘယ်သွား၊ မင်းဘယ်သွား၊ မင်းဘာလုပ်ဝေဒနာခြောက်မျိုးကနေပြီး ဘုန်းကြီးတို့. . . ဒကာ ဒကာမတွေလှည့်ခိုင်းပြီးသကာလ မျက်လုံးဝေဒနာကလည်း ငါ. . . ကောင်း

ကောင်းဝေဒနာပေါ် ချင်တယ်၊ မင်းတို့. . . ရှာပါလား ငါကောင်း ကောင်းမှုကြည့်ချင်တယ်ဆိုပြီးဝေဒနာက အစိုးရပြီး သကာလ နေပြန်တော့လည်း ဒကာသစ်တို့ ဒကာကြွယ်တို့မှာ ဒေါင်ခြာစိုင်း ပြေးရတယ်. . . (စိုင်းရပါတယ် ဘုရား)၊ ဝေဒနာက ကြီးစိုးနေ တယ်. . . (မှန်ပါ့)။

ဘယ်သူကကြီးစိုးနေသလဲ. . . (ဝေဒနာက ကြီးစိုးနေပါ တယ်ဘုရား)။

ဩော်. . . ဒကာကြွယ် ဝေဒနီငွေဆိုတာပေါ်လာတယ် . . . (မှန်ပါ့)၊ဝေဒနာလည်း ဖြစ်တယ်၊ ဣန္ဒြေဆိုတာက ကြီးစိုး တယ်. . . (မှန်ပါ့)၊ ဒီဒကာ ဒကာမတွေမှာ ဝေဒနာအုပ်ချုပ်ရေး ခံနေရတယ်. . . (မှန်ပါ့)။

## ဝေဒနာ့အုပ်ချုပ်ရေးခံနေရတယ်

ဘယ်သူ့အုပ်ချုပ်ရေးခံနေရသလဲ. . . (ဝေဒနာ့အုပ်ချုပ် ရေးခံနေရပါတယ်ဘုရား)။

ဦးလှဘူးရေ. . . ကိုယ်က ကိုယ့်သားမယားကကောင်း ကောင်းကြိုက်လို့ သူတို့ဝေဒနာကလည်း သား၊ လင်၊ ခင်ပွန်း နှိပ်စက်တာပဲ. . . (မှန်ပါ့)။

သူတို့ကကောင်းကောင်းဝတ်ချင်တယ်၊ ကောင်းကောင်း စားချင်တယ်၊ သူတို့ကကောင်းကောင်းနေချင်တယ်ဆိုတော့

သူတို့ဝေဒနာကလည်း ဒကာသစ်နှိပ်စက်တာပဲ. . . (နှိပ်စက်ပါ တယ်ဘုရား)။

ဒကာကြွယ် ဝေဒနာကကိုယ့်ဝေဒနာကနှိပ်စက်တာတစ် မျိုးသူများဝေဒနာက. . . (နှိပ်စက်တာတစ်မျိုးပါဘုရား)။

ဩော်. . . ဝေဒနာက တယ်ကြီးစိုးပါလား. . . (ကြီးစိုး ပါတယ်ဘုရား)၊ ကိုယ့်ဝေဒနာက ကိုယ့်ကိုယ်ကိုလည်း နှိပ်စက် တယ်. . . (မှန်ပါ့)၊ သွားဟဲ့. . . လာဟဲ့. . . ရောင်းဟဲ့. . . ဝယ် ဟဲ့. . . (မှန်ပါ့ဘုရား)။

ဒါမှနင်ကောင်းကောင်းနေရမှာပေါ့အစရှိသည်နဲ့ဝေဒနာ ခြောက်မျိုးကနေပြီးဒကာဒကာမတွေနှိပ်စက်ပြီးသကာလ နေ လိုက်တာ တချို့များမှာ အိုချိန်မရောက်ဘဲနဲ့ကို လူရုပ်မပီဘူး . . . (မှန်ပါ့)။

## ဝေဒနာ(၆)မျိုးကနှိပ်စက်နေတယ်

ဟ. . . ဘယ်သူနှိပ်စက်တုံးလို့ ပြောလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ. . . တဲ့ ဝေဒနာနှိပ်စက်လို့ဆိုတော့ ခင်ဗျားတို့သိ တဲ့ဝေဒနာက ဒုက္ခဝေဒနာတစ်လုံးတည်းပြောနေတာ. . . (မှန် ပါ့)၊ မဟုတ်ပါဘူး ဒကာကြွယ်ရ မျက်လုံးဝေဒနာကလည်း ငါကြည့်ကောင်းအောင် မင်းလုပ်၊ နားဝေဒနာကလည်း ငါနား ထောင်ကောင်းအောင် ရေဒီယိုတို့ ဘာတို့ မင်းဝယ်ပေးရ မယ်. . . (မှန်ပါ့)၊ နားဝေဒနာကလည်း ဒကာသစ်တို့ ခိုင်းတာ

ပဲ. . . (ခိုင်းပါတယ်ဘုရား)။

နာခေါင်းဝေဒနာကလည်း ဒီနေရာငါမနေချင်ပါဘူး နံတယ်စော်တယ်၊မင်းဒီနေရာက ရွှေ့နိုင်တဲ့အခြေအနေ ရောက်အောင် မင်းကြိုးစားလုပ်ပါ. . . (မှန်ပါ့)၊ နှာခေါင်းဝေဒနာ ကလည်း. . . (ခိုင်းပါတယ်ဘုရား)၊ ခိုင်းတာပဲသူက ကြီးစိုးနေ တယ်. . . (မှန်ပါ့ဘုရား)။

## မအားအောင်ဘဲခိုင်းတယ်

လျှာဝေဒနာကလည်း ဒီဟင်းဒီထမင်းဖြင့် မျိုမကျ ပါဘူး. . . မင်းသည်ကားလို့ဆိုရင် အရှာညံ့လိုက်တာဆိုပြီး သကာလဒကာ ကြွယ်ရေမအားအောင်ပဲ ခိုင်းတယ်. . . (မှန်ပါ့ဘုရား)။

ကိုယ်ဝေဒနာကလည်း ဒီအဝတ်၊ ဒီအထည်၊ ဒီကားမျိုး မစီးချင်ပါဘူး၊ ကြမ်းထော်ထော်နဲ့အစရှိသည်နဲ့ အမြင်မကောင်း အသွားမကောင်းနဲ့ ခဏခဏလည်း ပြုရပြင်ရဆိုပြီး ကိုယ်ဝေဒနာ ကလည်း ခိုင်းလိုက်တဲ့ဖြစ်ခြင်းဟာရတဲ့ငွေဟာ သူဖြုန်းတာနဲ့ပဲ ဒကာသစ်ရေ ရှာလို့မအားဘူး. . . (မအားပါဘုရား)။

ဘယ်ဝေဒနာကပါလိမ့်. . . (ကိုယ်ဝေဒနာကပါ)၊ ကိုယ် ကကောင်းကောင်းကြိုက်နေတာကို. . . (မှန်ပါ့)၊ ရှင်းကြပ လား. . . (ရှင်းပါပြီ)၊ဘယ်သူက ကောင်းကောင်းကြိုက်နေ သတုံး . . . (ကိုယ်ကကောင်းကောင်း ကြိုက်နေပါတယ်ဘုရား)။

ဒါ့ကြောင့် စက်ကြီးတွေ တည်ထောင်ပြီးသကာလရင်း၊ သင်္ဘောကြီးတွေတည်ထောင်ပြီးသကာလရင်းလည်း မလောက်ဘူး . . . (မှန်ပါ့)၊ လောက်ကြရဲ့လား. . . (မလောက်ပါဘုရား)၊ လို သာနေတာပဲဆိုတာ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

## တဏှာအရှင်သခင်ကဝေဒနာ

ဩော်. . . ခင်ဗျားတို့ ဒီဝေဒနာတွေကိုနိုင်အောင်ကမင်းဟာတို့ကို ဒါလောက်နှိပ်စက်တယ်၊ မင်းကဝေဒနာကနေပြီး တဏှာကို ကျေးဇူးပြုတတ်. . . (မှန်ပါ့)၊ အဲဒီတော့ တဏှာကတို့ခိုင်းတယ်၊ တဏှာအရှင်သခင်က ဝေဒနာ. . . (မှန်ပါ့)။

တဏှာအရှင်သခင်က. . . (ဝေဒနာပါ)၊ ဒကာဒကာမတို့ခင်ဗျားတို့ဝေဒနာဟာ သေးသေးသိမ်သိမ် မမှတ်လိုက်ပါနဲ့. . . (မှန်ပါ့)။

ဒကာကြွယ်ကြီးကို ဆံဖြူသွားကျိုး ငယ်မူတွေပျောက်အောင် မအားလပ်အောင် ပြေးလိုက်၊ လွှားလိုက်ခိုင်းနေတာ ဒကာသစ်လက်သည်မိပလား. . . (မိပါပြီဘုရား)၊ဘယ်သူပါလိမ့်ဗျာ. . . (ဝေဒနာပါ)၊ အင်း. . . ဒီဒကာဒကာမတွေကို ဝေဒနာနှိပ်စက်နေတာ. . . (မှန်ပါ့)။

## သုခဝေဒနာနှိပ်စက်တယ်

ဒီဝေဒနာကသွားလိုက်၊ လာလိုက် ကျန်းကျန်းမာမာနဲ့ နှိပ်စက်တာက သုခဝေဒနာနှိပ်စက်တယ်. . . (မှန်ပါ့)။

ကျန်းကျန်းမာမာရှိတုန်း နှိပ်စက်တာကတော့. . . (သုခဝေဒနာကနှိပ်စက်ပါတယ်)၊သူက သုခဝေဒနာကကောင်းကောင်းကြိုက်၊ကောင်းကောင်းမြင်ချင်တယ်၊ ကောင်းကောင်းကြားချင်တယ်၊ကောင်းကောင်းစားချင်တယ်၊ ကောင်းကောင်းလှုလိုက်ချင်တယ်. . . (မှန်ပါ့ဘုရား)။

ကောင်းကောင်းကားစီးချင်တယ်၊ ကောင်းတဲ့အထည် မှဝတ်ချင်တယ်၊ ကောင်းတဲ့ ကြံလုံးကလေးတွေ့မှ စိတ်အေးလက်အေးနေချင်တယ် ဆိုပြီးသကာလ ဒီဝေဒနာခြောက်မျိုးကနေပြီးသကာလ ကျန်းမာတဲ့လူကို ဖင်ချပြီးနေရအောင်ကို အခွင့်မပေးဘူး. . . (မှန်ပါ့)၊ ဝေဒနာခြောက်မျိုးက. . . (မှန်ပါ့)၊ သဘောပါကြပလား. . . (ပါ ပါပြီဘုရား)။

## ဘယ်သူ ကြီးစိုးနေသတုံး

အင်း. . . ဒကာကြွယ်. . . ခင်ဗျားကို ဘယ်သူ ကြီးစိုးနေသတုံး. . . (ဝေဒနာကြီးစိုးနေပါတယ်)၊ ပေါ်ကြပလား. . . (ပေါ် ပါပြီဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလည်း ဝေဒနိန္ဒြေကွတဲ့. . . (မှန်ပါ့)၊ ဝေဒနာလည်း ဟုတ်တယ်၊ ဣန္ဒြေ

လည်းဟုတ်တယ်၊ ဣန္ဒြေဆိုတာကြီးစိုးတယ်၊ဝေဒနာက ဝေဒနာ. . . (မှန်ပါ့)၊ မင်းတို့ကို ဝေဒနာကကြီးစိုးနေတယ်. . . (မှန်ပါ့)၊ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ဒကာဒကာမတွေ ဘယ်သူက ကြီးစိုးနေပါလိမ့်. . . (ဝေဒနာကကြီးစိုးနေပါတယ်)၊ ဒါမသိဘူး ဒကာ ဒကာမတွေ ငါ့အိမ်၊ငါ့မင်း၊ ငါ့ချင်းထင်နေတယ်. . . (မှန်ပါ့)၊အံမာလေး. . . ဖြစ်မှ ဖြစ်ရပလေ. . . (မှန်ပါ့)။

ဒကာဒကာမတို့ ငါ့အိမ်၊ငါ့မင်း၊ငါ့ချင်းကွ၊လာမရှုပ်နဲ့၊ ကောင်းလဲငါပဲ၊ မကောင်းလဲငါပဲ၊ မင်းတို့ဆရာလာမလုပ်နဲ့၊ ငါ့ အိမ်၊ငါ့မင်း၊ငါ့ချင်းတဲ့. . . (မှန်ပါ)။

ကြွားများကြွားချင်လိုက်သေးတယ်. . . (ကြွားပါတယ်)၊ စင်စစ်သူ့အပေါ် ဘယ်သူအုပ်ချုပ်နေသတုံး. . . (ဝေဒနာအုပ် ချုပ်နေပါတယ်ဘုရား)။

## ဝေဒနာခြောက်မျိုးအောက်မှာ

မျက်လုံးဝေဒနာက အုပ်ချုပ်တာတစ်မျိုး၊ နားဝေဒနာက အုပ်ချုပ်တာတစ်မျိုး၊ မနောဝေဒနာဆိုတာက အုပ်ချုပ်တာ တစ်မျိုးဆိုတော့ သူဘယ်သူ့ လက်အောက်မှာ ရောက်နေသတုံး ဒကာကြွယ်ရေ. . . (ဝေဒနာလက်အောက်မှာရောက်နေပါတယ်)၊ ဝေဒ[illegible]ခြာက်မျိုးအောက်မှာ ကျွန်သပေါက်ဖြစ်နေတယ်. . . (မှန်လှပါဘု[illegible])။

ဝေဒနာခြောက်မျိုးအောက်မှ. . . (ကျွန်သဘောက် ဖြစ်နေပါတယ်ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါကြောင့် မြို့ထဲရွာထဲမှာ ဒကာဒကာမတွေလျှောက်ကြည့်စမ်းတဲ့ ဟိုအိမ်မှာလည်း မအားကြဘူး၊ ဟိုဘက်က အိမ်ကြည့်ပြန်လဲ. . . (မအားပါဘုရား)။

ဟ. . . ဘာဖြစ်လို့ ဒီဟာတွေ မအားကြပါလိမ့်မတုံးဆိုတော့ ဒီထက်ချမ်းသာချင်လို့ဘုရာ့. . . (မှန်ပ့ါဘုရား)။

ဒီထက် ချမ်းသာချင်လို့ဆိုတော့ ချမ်းသာတဲ့ ဝေဒနာက သွားဟဲ့၊ လာဟဲ့၊ ပြောဟဲ့၊ဆိုဟဲ့ မခိုင်းဘူးလား. . . (ခိုင်းပါတယ်ဘုရား)၊ ဒကာကြွယ်ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)၊ ဘယ်သူကနှိပ်စက်နေတာတုံး. . . (ဝေဒနာက နှိပ်စက်နေတာပါဘုရား)။

## ကျွန်မှန်းမသိလို့ပြုံးတယ်

သို့သော် ခင်ဗျားတို့က နှိပ်စက်နေတယ် မထင်ဘူး. . . ကျန်းမာတုန်း ကြိုးစားလုပ်ရလိမ့်မယ်တဲ့. . . (မှန်ပ့ါ)၊အံမာ . . . ခင်ဗျားတို့က ပြုံးပြုံး ပြုံးပြုံးနဲ့. . . (မှန်ပ့ါဘုရား)။

ပစ္စည်းကလေးများရှာလို့ တစ်ရာရင်းရာမှာ တစ်ဆယ်လောက်များ မြတ်နေမယ်ဆိုလို့ရှိရင် ဝေဒနာက ခိုင်းမှန်းလည်း မသိဘူး. . . (မသိပါဘူး)၊ပြုံးနေတာပဲ. . . (ပြုံးနေတယ်ဘုရား)၊ ဒကာကြွယ် ဘယ့်နှယ်ဘာဖြစ်လို့ ပြုံးတာတုံးဗျ. . . ကျွန်မှန်းမသိလို့ပေ့ါဗျာ. . . (မှန်လှပါဘုရား)၊ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဘာဖြစ်လို့ ပြုံးကြသတုံး. . . (ကျွန်မှန်းမသိလို့ ပြုံးကြပါတယ်)၊ သူ့အထက်က အုပ်ချုပ်နေတယ် ဘယ်သူပါလိမ့်. . . (ဝေဒနာပါဘုရား)။

## မျက်လုံးဝေဒနာ

ဟော့. . . ငါ ကောင်းကောင်းကြည့်ချင်တယ်ဆိုတော့ မျက်လုံးက ကောင်းကောင်းကြည့်ချင်တယ်၊ ဒီအိမ်ဟာ ပြုတော့မယ် တစ်ထပ်တည်းဖြစ်နေတယ်၊ နှစ်ထပ်ဖြစ်အောင် သူများက နှစ်ထပ်ဖြစ်နေတယ်၊ ကိုယ်ကကြားထဲမှာ ဒီလိုဆိုတော့ နေရာမကျဘူး နှစ်ထပ်ဖြစ်ပြန်လို့ ရှိရင်လည်း ကျဉ်းသေးတယ် အစရှိသည်နဲ့ မျက်လုံးက ကြည့်မကောင်းသေးဘူး. . . (မှန်ပါ့)။

မျက်လုံးဝေဒနာခိုင်းတာနဲ့ ဒကာသစ် မအားပါဘူး. . . (မအားပါဘုရား)၊ နားဝေဒနာခိုင်းလို့ကော. . . (မအားပါ)၊ နှာခေါင်းဝေဒနာခိုင်းလို့ကော. . . (မအားပါဘုရား)။

ဒါဖြင့် ဟိုဘက်အိမ်က ဒီဘက်အိမ်ပြေး၊ ဟိုမြို့ကဒီမြို့သွားရှာကြ,ဖွေကြတယ်၊ ပြေးလွှားနေကြတာ ဘယ်သူ့ကျွန်တွေလဲ. . . (ဝေဒနာကျွန်တွေပါဘုရား)၊ ဒကာကြွယ် ပေါ်ပြီဗျ. . . (ပေါ်ပါတယ်ဘုရား)။

## အိမ်တွင်းပဋိစ္စသမုပ္ပါဒ်

ဒါ အိမ်တွင်းပဋိစ္စသမုပ္ပါဒ်စ,နေတာ ဒကာ ဒကာမ တို့. . . (မှန်ပါ့)၊ ဘာပဋိစ္စသမုပ္ပါဒ်တုံး. . . (အိမ်တွင်းပဋိစ္စ သမုပ္ပါဒ်ပါဘုရား)။

ပြီးတော့မှ ဝေဒနာပစ္စယာ တဏှာလာရမှာ ဝေဒနာအ ကြောင်း ကောင်းကောင်းသိပြီးတော့မှ ဩော်. . . သူ့ကြောင့် တို့သန္တာန်မှာ တဏှာတွေများပြီး ရှာဖွေနေရတာကိုးဆိုတာ ပေါ်လာတယ်. . . (မှန်ပါ့ဘုရား)။

ဝေဒနာကြီးစိုးလိုက်တာ ဒကာ ဒကာမတို့ ခင်ဗျားတို့ လူလားမြောက်ကတည်းက အားကိုမအားဘူး ဒကာကြွယ် ရေ. . . (မအားပါ)၊ အင်း. . . ဘယ်သူကခိုင်းနေပါလိမ့်. . . (ဝေဒနာက ခိုင်းနေပါတယ်ဘုရား)။

## မကျန်းမာတုန်းကျတော့ ဒုက္ခဝေဒနာ

ကျန်းမာတုန်းကတော့ သုခဝေဒနာက ခိုင်းတယ်. . . (မှန် ပါ)၊ မကျန်းမာတုန်းကျတော့ ဒုက္ခဝေဒနာက ငါ့ကုဟဲ့၊ ငါ့ကုဟဲ့၊ ဘယ်လောက်ကုန်ကုန်ရှာဟဲ့၊ ငါပျောက်ဖို့ အရေးကြီးတယ်ဆို ပြီး ဒုက္ခဝေဒနာက မကျန်းမာတုန်းကျပြန်တော့ သူက ပိုအရှာ ခိုင်းတယ်. . . (မှန်ပါ့ဘုရား)။

အင်း. . . သုခဝေဒနာနဲ့ ဒုက္ခဝေဒနာ ဒကာကြွယ်

ဘယ်ဟာကြောက်စရာ ကောင်းသတုံး. . . (သုခဝေဒနာက ကြောက်စရာကောင်းပါတယ်ဘုရား)။

ဟာ. . . ဒုက္ခဝေဒနာက တစ်ခါတလေမှ မမာမှသူကခိုင်းတာ. . . (မှန်ပါ့)၊ ရိပ်မိလား. . . (ရိပ်မိပါပြီ)၊ သုခဝေဒနာက ကျန်းမာတုန်းမှာဖြင့် နှားလိုခိုင်းနေတာပဲ. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

## ကျန်းမာတုန်း နွားလိုခိုင်းတာ သုခဝေဒနာ

သုခဝေဒနာကတော့. . . (ကျန်းမာတုန်းနွားလိုခိုင်းနေပါတယ်ဘုရား)၊

ဦးလှဘူးရေ. . . သုခဝေဒနာက ပင်စင်မပေးချင်ဘူး. . . (မပေးပါ)၊ ဒုက္ခဝေဒနာကမှ ပင်စင်ပေးချင်ပေးလိမ့်ဦးမယ်. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

အံမလေး. . . ဘုန်းကြီးက ဒကာ ဒကာမတွေ စဉ်းစားမိကြရဲ့လား. . .၊ဒီဝေဒနာကလှည့်ပြီး တော်တော်ကြာ ဟိုဝေဒနာက ဒီအဝတ်၊ ဒီအစားနဲ့ တော်ပြီဆိုလို့ရှိရင်ဖြင့်တဲ့. . . မျက်လုံးဝေဒနာက အဝတ်အစားတော့ တော်ပါပြီ၊အနေအထိုင်က လိုသေးတယ်. . . (မှန်ပါ)၊ အင်း. . . မျက်လုံးဝေဒနာက တိုက်နဲ့တာနဲ့ဖြစ်အောင်လုပ်ပေးဦး. . . သူက ပြောပြန်တယ်. . . (ပြောပါတယ်ဘုရား)။

## ဘယ်သူ့များ နှိပ်စက်နေပါလိမ့်

ဒကာသစ် အားသေးသလား. . . (မအားပါ)၊ မအားပေမယ့် ဘယ်သူ့ကြောင့်လို့ ခင်ဗျားတို့က လက်သည်ရှာမတွေ့ဘူး. . . (မတွေ့ပါ)၊ ဒါလောက်တောင်နှိပ်စက်နေတာ နေ့လည်းမအား ညလည်းမအားနဲ့ ဘယ်သူ့များနှိပ်စက်နေပါလိမ့်မတုံးလို့ ဒကာကြွယ်တို့က လက်သည်မရှာဘူး. . . (မရှာပါဘုရား)။

ဘာရှာတတ်မလဲတဲ့ ဒကာဒကာမတို့ ကိုယ့်ခန္ဓာမှာ ဝေဒနာတွေ ပေါ်နေတာမှ ဝေဒနာမှန်းမသိ၊ ဒီဝေဒနာတွေပေါ်တာမှ မသိတော့ နှိပ်စက်တာသိဖို့ အတော်ခဲယဉ်းတယ်. . . (ခဲယဉ်းပါတယ်ဘုရား)။

ဝေဒနာပေါ်တာမှ မသိရင် နှိပ်စက်တာသိဖို့. . . (ခဲယဉ်းပါတယ်ဘုရား)။

## ဝိပဿနာမပါရင် မသိနိုင်ပါ

အဲ. . . ဝိပဿနာမပါလို့ရှိရင်ဖြင့် ပေါ်တာလည်းမသိ၊ နှိပ်စက်တာလည်းမသိ. . . (မှန်ပါ့ဘုရား)။

ဒကာကြွယ် ကျုပ်တို့ခင်ဗျားတို့ ခန္ဓာထဲဝေဒနာခြောက်မျိုးရှိတယ်. . . (မှန်ပါ)။

ဒကာသစ် ဝေဒနာဘယ်နှမျိုးပါလိမ့်. . . (ခြောက်မျိုးပါ)၊ အင်း. . . ဒါတွေက ဒကာသစ်တို့ကို နေ့မအား ညမအား သုခ

ဝေဒနာတွေကလေ. . . (မှန်ပါ)၊ ကျန်းမာတုန်း ကြိုးစားလုပ်ပေး၊ ကျန်းမာတုန်း ကြိုးစားလုပ်ပေးတဲ့. . . (မှန်ပါ)၊ အင်း. . . ဘယ်သူကခိုင်းတာတုံး. . . (ဝေဒနာက ခိုင်းတာပါ)၊ဘယ်ဝေဒနာပါလိမ့်. . . (သုခဝေဒနာပါ)ဪ. . . ကျန်းမာတုန်း ကျွန်သပေါက်လုပ်တာ သုခဝေဒနာပဲ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကျန်းမာတုန်း ကျွန်သပေါက်လုပ်နေတာ. . . (သုခဝေဒနာပါဘုရား)။

## ကျန်းမာတုန်း ကျွန်ဖြစ်နေတာမသိဘူး

ဒါ ဘုန်းကြီးတို့ ဒကာ ဒကာမတို့ ကျန်းမာတုန်းတော့ လုပ်ရလိမ့်ဦးမယ်၊ ကိုင်ရလိမ့်ဦးမယ်၊ နောင်မကျန်းမာတော့ မခက်ဘူးလား. . . (မှန်ပါ)၊ အံမလေး. . . ကျန်းမာတုန်း ကျွန်ဖြစ်နေတာတော့ သူ အခက်ရယ်လို့ မသိဘူး. . . (မှန်ပါဘုရား)။

ကျန်းမာတုန်း ကျွန်ဖြစ်နေတာ ဒကာကြွယ် ဒီအခက်ကောသေးသလား-ကြီးသလား. . . (ကြီးပါတယ်ဘုရား)။

ကျန်းမာတုန်း နေ့မအား,ညမအားနဲ့ ထမင်းနှစ်ထပ်ကိုတစ်ထပ်တည်းပေါင်းစားဟော့. . . (မှန်ပါ)၊ အိပ်တာလည်း လျှော့အိပ်ဟော့၊ အအိပ်တွေ, အနေတွေလျှော့၊ ဘာကြောင့်တုံးဆိုတော့ လသာတုန်း ဗိုင်းငင် ရတုန်းလုပ်ရတာ. . . (မှန်ပါ)၊ အငတ်ထားများခိုင်းလိုက်သေးတယ်. . . (ခိုင်းပါတယ်)၊ ဘယ်သူပါလိမ့်

ဗျာ. . . (သုခဝေဒနာပါ) ဒကာကြွယ်တို့က ပြုံးများလုပ်ဖော်ရနေတယ်. . . (မှန်ပါဘုရား)၊ အတော်ခက်နေပါပေါ့လား. . . (မှန်ပါ့ဘုရား)။

## အမလေးကြောက်စရာကြီးပါလား

နောက်က ဒကာ ဒကာမတွေ ကျန်းမာတုန်း လုပ်ရတာ ပျော်လို့ ရွှင်လို့လား. . . (ပျော်ပါတယ်)၊ ပျော်တယ်-ပျော်တယ်. . . (မှန်ပါ)၊ အံမလေး. . . ကြောက်စရာကြီးပါကလား. . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဒီလိုမသိပြီဆိုမှဖြင့် ဒကာသစ်ရေ မသိတာ အခက်ဆုံးပဲ. . . (ခက်ပါတယ်)၊ မသိတော့ကိုခိုင်းတဲ့အရှင်သခင်ကို ကျုပ်တို့က ပြန်မသတ်တတ်ဘူး. . . (မှန်ပါ့)၊ ပြန်မသတ်တတ်တော့ ကျွန်သပေါက်အဖြစ်နဲ့ သေရုံပဲရှိတယ်. . . (မှန်ပါ့)၊သဘောကျပလား. . . (ကျပါပြီဘုရား)။

သူ့ကို မသတ်တတ်တော့ ဘာတုံး. . . (ကျွန်သပေါက်အဖြစ်နဲ့ သေရုံပါ)၊ သူခိုင်းတာလုပ်ပြီးသကာလ သူက မင်္ဂတား,ဖိုလ်တားခိုင်းတယ်၊ သေတဲ့အထဲ တွန်းချလည်း ဩော်. . . ငါဘာ့ကြောင့်ပါလိမ့်၊ ကံမကောင်းလို့ထင်တယ်. . . (မှန်ပါ့)၊ ဘယ်ဟုတ်လိမ့်မတုံး. . . ဗျ. . . ကြီးပွားချင်တဲ့ ဝေဒနာကခိုင်းတာ. . . (မှန်ပါ့ဘုရား)။

## ချမ်းသာချင်တဲ့ ဝေဒနာကာခိုင်းလို့

ရောဂါက နှိပ်စက်လို့ ဒီငှက်တော ခွေးတောသွားပြီး သကာလ အစားမှား၊ အနေမှား၊ ဥတုမှားတွေထဲမတတ်သာလို့ သွားပြီး သေကြရတာသည် သူ့ဟာ သူစိတ်ကူးမေးကြည့်ပါ၊ မင်း ဘာကြောင့် ဒီအရပ်လာပြီးသကာလ ဒီဝေဒနာတောထဲမှာ မင်း ဘာဖြစ်လို့ အသေခံရသတုံးဆိုတော့ ဒီအရပ်မှာ ရွှေရှာ၊ ငွေရှာ ကောင်းလို့ လာခဲ့ရပါတယ်ဆိုတော့ ချမ်းသာချင်တဲ့ ဝေဒနာက ခိုင်းလိုက်လို့ ဒီမှာသေပွဲဝင်ရတယ်. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ချမ်းသာချင်တဲ့ဝေဒနာက ခိုင်းတာနဲ့. . . (သေပွဲဝင်ရပါ တယ်ဘုရား)။

ပြီးတော့ ဒကာကြွယ်တို့က စွဲချက်မှားလိုက်သေးတယ်၊ ဩော်. . . သေတာမျှား နေရာမရွေးဘူး၊ ကံကပစ်ချင်တဲ့ နေ ရာပစ်ချလိုက်တာပဲ. . . (မှန်ပါ့)၊ ဖြစ်မှဖြစ်ရပလေ၊ ကံကပစ်ချချင် တဲ့နေရာ ပစ်ချတာလား. . . ခင်ဗျားတို့သဘောနဲ့ ခင်ဗျားတို့ သွားတာလား. . . ပြောပါဦး. . . (တပည့်တော်တို့သဘောနဲ့ တပည့်တော်တို့သွားတာပါ)၊ ဒါဖြင့် ဝေဒနာသဘောနဲ့ သွားတာ ပါ. . . (မှန်ပါ့ဘုရား)။

## ကံကစီမံရေးမှာ မပါပါဘူး

ကံက ဒီနေရာမသွားနဲ့ ဒီနေရာသွား သေလိမ့်မယ်လို့ ဒီလို ကံက စီမံရေးမပါပါဘူး. . . (မှန်ပါ့)၊ ဟိုနေရာသွားလို့ရှိရင် သုခ ဝေဒနာက ဟိုသွားရှာမှ ဒီမှာတိုက်နဲ့,တာနဲ့,ကားနဲ့,စိန်နဲ့,ရွှေနဲ့ နေ နိုင်မှာ အဲဒီတော့ မင်း ဟိုသွားဆိုတော့ ဝေဒနာက ခိုင်းတာ. . . (မှန်ပါ့ဘုရား)။

ဒကာကြွယ် ဘယ်သူကခိုင်းတာတုံး. . . (ဝေဒနာက ခိုင်း တာပါဘုရား)။

## ခုတ်ရာတခြား ရှရာတခြား

အဲဒီတော့ ဝေဒနာကခိုင်းလို့ သေကြကြေကြတဲ့အခါကျ တော့ ဒကာသစ်တို့က စွဲချက်ဘယ်သူ့ ထင်လိုက်သတုံး. . . (ကံ ပဲ အောက်မေ့ပါတယ်)၊ ဩော်. . . ခုတ်ရာတခြား ရှရာတခြား ပေါ့. . . (မှန်ပါ့ဘုရား)။

ဘယ့်နှယ်နေသတုံး ဆရာဝန်ကြီး. . . ကဲ. . . (ခုတ်ရာ တခြား ရှရာတခြားပါ) စင်စစ် သူချမ်းသာချင်တဲ့ဝေဒနာကခိုင်း လို့ သွားတာ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ ဘုရား)။

ဘယ်သူကခိုင်းတာတုံး. . . (ချမ်းသာချင်တဲ့ဝေဒနာ ခိုင်း ပါတယ်)၊ ဒါဖြင့် ဝေဒနာသတ်လို့သေတာ. . . (မှန်ပါ့)၊ ရှင်းကြ ပလား. . . (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဝေဒနာနုပဿနာနှလုံးသွင်းစမ်းပါ၊ နို့မဟုတ်သူက ကျွန်သပေါက်လုပ်ပြီး သေခြင်းဆိုးတွန်းနေတာ. . . (မှန်ပါ့ဘုရား)၊ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)၊ဝေဒနာက အတော်ကြီးကျယ်သနော်. . . (ကြီးကျယ်ပါတယ်ဘုရား)။

## သုခဝေဒနာက သာပြီးကြောက်စရာ

ဒကာကြွယ် ဒါဖြင့် သုခဝေဒနာနဲ့ ဒုက္ခဝေဒနာ ဘယ်ဟာသာပြီး ကြောက်စရာကောင်းသတုံး. . . (သုခဝေဒနာသာပြီးကြောက်စရာကောင်းပါတယ်ဘုရား)။

အိုး. . . ခင်ဗျားတို့ကသာ အခုတရားပြောလို့ ကြောက်စရာကောင်းတာ. . . (မှန်ပါ့)၊ ခင်ဗျားတို့က ချမ်းသာမယ်ဆိုလို့ရှိရင်ဖြင့် မိုးပျံ့ရ-ပျံ့ရထဲက ခင်ဗျားတို့က သိပ်ကျေနပ်နေတာ. . . (ကျေနပ်ပါတယ်)၊ သုခဝေဒနာများ မကြောက်ဘူး ခင်ဗျားတို့. . . (မကြောက်ပါဘုရား)။

ဒကာကြွယ် ဘယ့်နှယ်တုံး သုခဝေဒနာဟာ သူသတ်လို့သေတာကများတယ်. . . (များပါတယ်ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

စင်စစ်တော့ ခင်ဗျားတို့က သုခဝေဒနာကို အကြိုက်. . . (ကြိုက်ပါတယ်ဘုရား)၊ ခိုင်းစေပြီးသကာလ အသေတွန်းတာကတော့ ဒကာသစ်ဘယ်သူက များသတုံး. . . (သုခဝေဒနာကများပါတယ်ဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

ဩော်. . . ဒါဖြင့် ဒီဒကာ ဒကာမတွေမှာ ချမ်းသာတာ အလိုရှိတဲ့ဝေဒနာက အသေခိုင်း၊ အနာခိုင်း၊ အအိုခိုင်းတယ်. . . (မှန်ပါ့ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## သုခနဲ့ ဒုက္ခ ဘယ်ဟာကကြောက်စရာ

ဒါဖြင့် သုခနဲ့ဒုက္ခ ဒကာကြွယ်ဘယ်ဟာက ကြောက်စရာ ကောင်းပါလိမ့်. . . (သုခက ကြောက်စရာကောင်းပါတယ် ဘုရား)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ဟုတ်ရဲ့လား. . . ဒကာသစ် ဉာဏ်ထဲမှာ ရှင်းမှနော်. . . (မှန်ပါ့)၊ အားလုံး ဒကာ ဒကာမတွေ နေ့မအား ညမအား ကျန်း မာတုန်းကို တစ်ခါတည်းအမောဆိုက်အောင်ခိုင်းနေတာ ဘယ် သူတုံး. . . (သုခဝေဒနာပါဘုရား)။

မအိပ်နဲ့ကွ၊ မင်းအစားလည်းလျှော့စား၊ တွေ့ရာကြုံရာနဲ့ စားကွ၊ ငွေရှာတဲ့အခါဆိုတာ ငွေရှာတာနဲ့ တူအောင်နေရ တယ်. . . (မှန်ပါ့)၊ မကြွားပါနဲ့ဦး၊ မဝါပါနဲ့ဦး၊ နောက်ချမ်းသာတဲ့ အခါကျတော့ နေတာပေ့ါ-ဆိုတော့ ချမ်းသာချင်တဲ့ဝေဒနာက နေပြီး အငတ်လည်းထားလိုက်တာပဲ. . . (မှန်ပါ့)။

ချမ်းသာချင်တဲ့ ဝေဒနာက. . . (အငတ်ထားပါတယ် ဘုရား)၊သေတွင်းကိုလည်း တွန်းချသေးတယ်. . . (မှန်ပါ့)။

သေတွင်းကိုကော. . . (တွန်းချပါတယ်ဘုရား)၊ ဘယ်သူ ပါလိမ့်. . . (သုခဝေဒနာ ပါဘုရား)၊ သုခဝေဒနာဆိုတာ၊

သေချာပလား. . . (သေချာပါပြီဘုရား)။

အံမလေး. . . ဒကာ ဒကာမတွေမသိလို့ ဒီနေ့သုခဝေဒနာ ဟာ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်ကို သူကစ,တာနော်. . . (မှန်လှပါ)၊ ဘယ်သူက စ,ပါလိမ့်. . . (သုခဝေဒနာက စ,ပါတယ်ဘုရား)၊သုခ ဝေဒနာကစ,တယ်ဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒကာကြွယ် ဒါဖြင့်ခင်ဗျားတို့ ဇာစ်ခါ သုခဝေဒနာက နှိပ် စက်တာ ဟိုအိမ်,ဒီအိမ်မအားတာတွေ ကြည့်လို့ရှိရင် ဘာ့ကြောင့် မအားသတုံး. . . လို့ ဒကာသစ် သွားမမေးနဲ့. . . (မှန်ပါ့)၊ ချမ်း သာချင်လို့. . . (မှန်ပါ့)။

## ဘာ့ကြောင့် မအားကြပါလိမ့်

ဘာ့ကြောင့် မအားကြပါလိမ့်. . . (ချမ်းသာချင်လို့ပါ ဘုရား)၊ ချမ်းသာချင်လို့ပဲ. . . (မှန်ပ့ါ)၊ ချမ်းသာတာက ဘာဝေဒ နာတုံး. . . (သုခဝေဒနာပါဘုရား)၊ အဲဒါကြောင့် မအား တာ. . . (မှန်ပ့ါ)၊ ဒါကြောင့်မအားကြတာဆိုတာ ရိပ်မိကြ ပလား. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီဒကာ ဒကာမတွေမှာတဲ့ အငြိမ်ကို မနေနိုင် လောက်အောင် တစ်ခါတည်းအမောဆိုက်ပြီး ဟပ်ထိုးများ လဲ လာအောင် ခိုင်းနိုင်တဲ့သဘောကဖြင့် ရှင်ဘုရင်က ဒါလောက် မခိုင်းပါဘူး. . . (မခိုင်းပါဘုရား)၊ ရှင်ဘုရင်ကတော့ လူတွေခိုင်း လို့ရှိရင်ဖြင့် တော်တော်ကြာ အကုန်သူတို့ကစုပြီး တော်လှန်မှာ

စိုးတယ်. . . (မှန်ပါ့)ဆိုပြီးသကာလ လူထုတိုက်ပွဲလုပ်မှာ စိုးတဲ့ အတွက် ရှင်ဘုရင်ကလျှော့ရသေးတယ်. . . (မှန်လှပါဘုရား)။

အို. . . ဒီဝေဒနာကတော့ လူစေ့ တက်စေ့ ခိုင်းထားတာ ဘယ်သူမှ မသိဘူး. . . (မသိပါဘုရား)၊ ဟိုအိမ်မှာလည်း သူကြီး စိုးနေတာပဲ. . . (မှန်ပါ့)၊ ဒီအိမ်မှာတော. . . (သူကြီးစိုးနေတာ ပါဘုရား)၊ ဘယ်အိမ်ကများ တော်လှန်တယ်လို့ ပါရဲ့လား. . . (မပါပါဘုရား)၊အို. . . တော်လှန်ရင် အကုန်နိဗ္ဗာန်ရောက် ကုန် ပြီ. . . (မှန်ပါ့ဘုရား)။

## အိုတဲ့ပုဂ္ဂိုလ်လည်း ပင်စင်မပေးဘူး

အခုတော့ ဒကာသစ်တို့က ခေါင်းငုံ့များနေလိုက်သေး တယ်. . . (မှန်ပါ့)၊ ခေါင်းငုံ့ထားတော့ကော ဒကာကြွယ်ရေ အိုတဲ့ပုဂ္ဂိုလ်များ မခိုင်းဘူးလို့ ထင်သေးသလား. . . (မထင်ပါ ဘုရား)၊ အံမာ အိုခိုင်း ခိုင်းနေတာ. . . (မှန်ပါ့)၊ ပင်စင်ပေးသေး ရဲ့လား. . . (မပေးပါဘုရား)၊ မပေးဘူးဗျ၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

အံမာ. . . အိုတဲ့ပုဂ္ဂိုလ်လည်း အင်း. . . သားသမီးများ စိတ်ချမ်းသာအောင် ကိုယ်က ကလေးထိန်းပေးဦးမယ်က လာ သေးတယ်. . . (မှန်ပါ့)၊ မလာဘူးလား လာသလား. . . (လာပါ တယ်ဘုရား)၊ ဝေဒနာဗျ. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါ ပြီဘုရား)။

ဒါဖြင့် သုခဝေဒနာက ဘယ်လောက်ထိအောင် ခိုင်းတယ်ဆိုတာဖြင့် ဒကာကြွယ်ရေ. . . ပြောစရာမရှိဘူး၊ ကြောက်စရာကောင်းတယ်. . . (ကောင်းပါတယ်ဘုရား)။

ဒါက ပစ္စုပ္ပန်မှာ ဒုက္ခပေးတာ သေပွဲကျအောင်ပေးတယ်. . . (မှန်ပါ့)၊ အနာဂတ်ပေးလိမ့်ဦးမယ် နားထောင်ပါ. . . (မှန်ပါ့ဘုရား)။

## နတ်ပြည်ရောက်အောင် ဒါနလုပ်ပါဦး

အနာဂတ်ပေးလိမ့်ဦးမယ်တဲ့၊ သုခဝေဒနာက မင်း ဘဝချမ်းသာတာ နည်းနည်းကလေး ရှိသေးတယ်၊ သိန်းကိုးသောင်းပဲရှိသေးတယ်၊ နတ်ပြည်ဆိုတာကွာ ဥယျာဉ်ဗိမာန်တစ်ခု အဖိုးမဖြတ်နိုင်ပါဘူး၊ ဘုံနန်းဆိုတာ စိန်တိုင်၊ ရွှေတိုင်၊ မြတိုင်တွေနဲ့ အဲဒီရောက်အောင်လည်း မင်းသည်ကားလို့ဆို လို့ရှိရင်ဖြင့် ဒါနသီလကလေး လုပ်ပါဦးလား. . . (မှန်လှပါ ဘုရား)၊

အင်း. . . သုခဝေဒနာကပြတယ်. . . (မှန်ပါ့ဘုရား)၊ ပြခိုင်းတော့ ဒကာ ဒကာမတို့က ဟုတ်ထင်ပါရဲ့ဆိုပြီး ရွှေဘုံ၊ ရွှေနန်းရအောင် လုပ်လိုက်ပြန်တော့ ဟိုသွားပြီးသကာလ နတ်အိုပွဲနတ်သေပွဲတွေ ခင်းရ,မခင်းရ. . . (ခင်းရပါတယ်ဘုရား)။

အင်း. . . ဘယ်ဝေဒနာကနေပြီး သေပွဲပေးလိုက်ပါလိမ့်. . . (သုခဝေဒနာကနေပြီး သေပွဲပေးလိုက်ပါတယ်ဘုရား)။

ဒကာကြွယ်. . . ဝေဒနာက ဒီတင် နှိပ်စက်လို့ အားမရလို့

ဟိုပြပြီး နှိပ်စက်ပြန်ပြီ. . . (မှန်လှပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဒီတရားမျိုး မနာဖူးဘူး

အံ့မလေး. . . ဒကာ ဒကာမတွေ ဒီတရားမျိုးလည်း တစ်ခါမှ နာဘူးမှာ မဟုတ်ဘူး. . . (မနာဘူးပါဘုရား)။

ဒကာကြွယ် ဒါလောက်နှိပ်စက်တာလည်း ခေါင်းကိုမပြုနိုင်ဘူး. . . (မှန်လှပါဘုရား)၊ လက်သည်လည်း မပေါ်ဘူး. . . (မပေါ်ပါဘုရား)။

ဒကာသစ် ဒီနေ့လက်သည် ပေါ်ပြီဗျ. . . (ပေါ်ပါပြီဘုရား)၊ အင်း. . . ဘာဖမ်းမိသလဲ. . . (သုခဝေဒနာ ဖမ်းမိပါတယ်ဘုရား)။

သုခဝေဒနာ ဖမ်းမိတယ်. . . တဲ့၊ ရှေးကဘယ်တော့မှ မဖမ်းတတ်ဘူး. . . (မှန်ပ့ါ)၊ ဘယ်ဖမ်းတတ်လိမ့်မတုံး၊ သူက ခိုင်းလည်းခိုင်းသေးတယ် ဒကာ ဒကာမတွေကို. . . တဲ့ ပင်ပန်းမှန်းလည်းမသိအောင် ချော့ခိုင်းနေတယ်. . . (မှန်ပ့ါ)။

ဟော. . . မင်းတော့ဖြင့် မင်းကတော့ဖြင့် ယောကျ်ားပဲ တစ်ကိုယ်ရေ တစ်ကာယ ဘာဝတ်ဝတ်-ဘာစားစား ဘာကိစ္စရှိသတုံး. . .၊ မင်းစိတ်နဲ့ မင်းတော့ချမ်းသာသားပဲ၊ မင့်သားမယားတွေ မျက်စိသူငယ်ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ. . . တဲ့။ သူက ဒီအသွားနဲ့ ခိုင်းတာ. . . (မှန်ပ့ါ)။

## ကျွန်ပီပီဟုတ်တာယ်ထင်ပါရဲ့တဲ့

ဒီအသွားနဲ့ခိုင်းတော့ ခင်ဗျားတို့ကလည်း ကျွန်ပီပီ ဟုတ်ထင်ပါရဲ့. . .၊ ကိုယ့်အတွက်ကတော့ ကိစ္စမရှိဘူး၊ သူတို့အတွက်က အရေးကြီးနေတယ်. . . (မှန်လှပါ)၊ အစရှိသည်နဲ့ ဒကာကြွယ်တို့က သွားပြီကော. . . (မှန်ပါ)၊ မလုပ်ဘူးလား. . . (လုပ်ပါတယ်ဘုရား)။

အင်း. . . ကိုယ့်အတွက် လုပ်ရတာနဲ့ သူများအတွက် လုပ်ရတာနဲ့ ဘယ်ဟာက များသတုံး. . . (သူများအတွက်က များပါတယ်ဘုရား)။

ဒါဖြင့် သူများချမ်းသာစေချင်လို့သူများ ချမ်းသာစေချင်တာကလည်း ကိုယ့်နှိပ်စက်တာပဲ. . . (မှန်ပါ)၊ ကိုယ်ချမ်းသာချင်တာကလည်း ကိုယ့်နှိပ်စက်တယ်. . . (မှန်ပါ)။

အဲဒီတော့ ဒီလိုမှမလုပ်-ဘယ့်နှယ့်လုပ်မလဲ. . . တဲ့၊ လက်သည်မဖမ်းဘူး ခင်ဗျားတို့. . . (မှန်ပါ)၊ ဖမ်းသေးသလား. . . (မဖမ်းပါဘူး)။

ဒီလိုမှ မလုပ်ရင်. . . ဘယ့်နှယ်လုပ်မလဲဘုရား၊ အေး. . . ဘယ့်နှယ်မှ မလုပ်လည်း နေရုံပဲကွာ. . . (မှန်ပါဘုရား)၊ ဘုန်းကြီးပြောလည်း ဒါပြောရုံပဲရှိတယ်. . . (မှန်ပါဘုရား)။

စင်စစ်တော့ သေသေချာချာ ပြောရမှာက ဒကာသစ်တို့ ဒကာကြွယ်တို့ ဒီဝေဒနာကို ခင်ဗျားတို့က နိုင်ရင်နိုင်၊ မနိုင်ရင်

သူက ကြီးစိုးသွားလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

ခင်ဗျားတို့က နိုင်ရင်နိုင်၊ မနိုင်ရင် ဘာတုံး. . . (သူက ကြီးစိုးသွားမှာပါဘုရား)။

## ဝေဒနာကို အသေထိုးရလိမ့်မယ်

အဲဒီတော့ ခင်ဗျားတို့က ဝေဒနာကို အသေအလဲထိုးရလိမ့်မယ်၊ သူက အနိစ္စဝိပဿနာရှုလိုက်လို့ရှိရင်ဖြင့် သူခိုင်းတဲ့အလုပ်တွေဟာ အကုန်ကျုပ်တို့နားရမယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အခုတော့ ဝေဒနာက ခိုင်းတယ်ဆို မသိမသာသုခဝေဒနာက ခိုင်းနေတဲ့ဥစ္စာကို ချမ်းသာချင်လို့ သူကနေ တိုးတိုး-တိုးတိုးပြီး သကာလ အရင်တစ်သိန်းရင်းလို့ရှိရင် ဆယ်သိန်းရင်းနိုင်လောက်အောင် ဒါမှ မင်းလျှာထွက်သေမှာကိုး၊ အမောဆိုက်ပြီးတော့. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဒကာကြွယ် ဒီလိုများ ခိုင်းတာကျတော့ သိသေးရဲ့လား. . . (မသိပါဘုရား)၊ သူကများများနဲ့ ဖိခိုင်းတာ. . . (မှန်ပါ့ဘုရား)။

နည်းနည်းနဲ့ ခိုင်းတုန်းကတော့ ဘယ်လောက်တင် မင်းရသေးတယ်၊ ဒါ-ချမ်းတော့ ချမ်းသာပါပြီ အရင်နဲ့စာရင်. . . (မှန်ပါ့)။

## လျှာထွက်သေအောင် သူကခိုင်းတယ်

သို့သော် ဒါလောက်နဲ့ မတင်းတိမ်နဲ့ဦးဆိုပြီး သုခဝေဒနာက လျှာထွက်သေအောင်ကို သူက ခိုင်းတယ်. . . (မှန်ပါ့)၊ မခိုင်းဘူးလား. . . (ခိုင်းပါတယ်)၊ ဘယ်ဝေဒနာတုံး. . . (သုခဝေဒနာပါဘုရား)။

အံမလေး. . . ဒကာ ဒကာမတွေဒီနေ့လက်သည်ကောင်းကောင်းမိတယ်. . . (မိပါတယ်ဘုရား)။

ဒကာကြွယ် ဘာမိသတုံး. . . (လက်သည်ကောင်းကောင်း မိပါတယ်ဘုရား)၊ ဘယ်ဝေဒနာမိသတုံး. . . (သုခဝေဒနာမိပါတယ်ဘုရား)။

ဒီဘဝတင် အသေခိုင်းသလား- နောင်ဘဝ နတ်ပြည်၊ ဗြဟ္မာ့ပြည်ကောအသေခိုင်းသလား. . . (နတ်ပြည်၊ဗြဟ္မာ့ပြည်ရော အသေခိုင်းပါတယ်ဘုရား)။

သူခိုင်းလို့သွားလုပ်လို့ တရားသဖြင့် ရှာရတာလည်းရှိတယ်၊ မတရားသဖြင့် ရှာရတာလည်းရှိတယ်၊ မတရားသဖြင့် ရှာတော့ အပါယ်လေးပါးသွားပြီး ဒုက္ခရောက်ရတာလည်း သုခဝေဒနာကြောင့်ပဲ. . . (မှန်ပါဘုရား)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဒကာ ဒကာမတို့ ခင်ဗျားတို့အပေါ် ဘယ်သူကြီးစိုးနေသတုံး. . . (သုခဝေဒနာကြီးစိုးနေပါတယ်ဘုရား)၊ ဒကာကြွယ် လွန်ကုန်ပြီဗျ. . . (မှန်ပါ့)။

## ခါးကကိုင်း နားကထိုင်းလုပ်နိုင်သေးတယ်တဲ့

နောက်က ဒကာ ဒကာမတွေဒီနေ့သုခဝေဒနာအကြောင်း ရိပ်မိလား. . . (ရိပ်မိပါပြီ)၊ ကိုယ့်ကိုယ်ကို အိုတာတောင်မှ ကျုပ် အလုပ်အကိုင် လုပ်နိုင်တုန်းဗျ. . . (မှန်ပါ့)၊ ဘယ့်နှယ်တုံး ဒကာ ဒကာမတို့ ဘယ်သူတုံးဗျ. . . (သုခဝေဒနာပါဘုရား)။

အိုလို့ဒီမှာဖြင့် မျက်စိကလည်း မှုံပြီ၊ ခါးကလည်း ကိုင်း, နားကလည်း ထိုင်းနေတာတောင်မှ လုပ်မယ်ဆို လုပ်နိုင်သေး တယ်. . . (မှန်ပါ့ဘုရား)၊ အံမလေး. . . ကျွန်ပီလိုက်တဲ့ဖြစ် ခြင်း. . . (မှန်လှပါဘုရား)။

## ကျွန်ပီသတဲ့အသံတွေ

ဒကာသစ် ဘယ်အသံတွေ ထွက်လာသတုံး. . . (ကျွန်ပီ တဲ့အသံတွေ ထွက်လာပါတယ်ဘုရား)။

ကျွန်ပီတဲ့ အသံတွေ ထွက်လာတာကို ဒကာ ဒကာမတွေ က မရိပ်မိဘူး. . . (မရိပ်မိပါ)၊ လုပ်နိုင်သေးတယ်တဲ့. . . ကျုပ် လုပ်မယ်ဆိုရင် လုပ်နိုင်သေးတယ်ဆိုပြီး သကာလ အစိုးရ လခစားဖြစ်ရင် အစိုးရဆီကို နှစ်တွေတောင် တစ်ခါတည်း လျှော့ပြီး လျှောက်ရတာနဲ့. . . (မှန်ပါ့)၊ ကျွန်ပီသကိုးဗျ. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

အင်း. . . ပိုမိုပြီး သကာလ လုပ်မယ်ဆိုတဲ့ အားရ-ပါးရ

ဆရာဝန်နဲ့ ပေါင်းပြီးသကာလ လုပ်နိုင်သေးတယ်တဲ့. . . (မှန်ပါ့)၊ ဒါ. . . သုခဝေဒနာက ခိုင်းတာနော်. . . (မှန်ပါ့ဘုရား)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဘယ်သူက ခိုင်းတာတုံး. . . (သုခဝေဒနာက ခိုင်းတာပါဘုရား)။

အံ့မလေး. . . ဒီအထဲ ဒကာ ဒကာမတွေ သုခဝေဒနာက ခိုင်းလို့ ကျွန်လုပ်တဲ့ပုဂ္ဂိုလ်များ ပါကြရဲ့လား. . . (မပါ-ပါဘုရား)။

အင်း. . . ခင်ဗျားတို့ကလည်း အခုမှသာ မပါဘူး ပြောတာနော်. . . (မှန်ပါ့)၊ နဂိုတုန်းကတော့ဖြင့် သုခဝေဒနာခိုင်းရင် ပြုံးနေတာပဲ. . . (ပြုံးပါတယ်ဘုရား)။

ဒီနေ့သွားပြီး အရင်းထည့်လိုက်လို့ သုခဝေဒနာကြောင့် တစ်ရာကို တစ်ဆယ်မလောက် မြတ်လာတယ် ဆိုလို့ရှိရင်လည်း အကျိုးပေးလာတယ်. . . (မှန်လှပါဘုရား)။

အချိန်ရှိခိုက်လုံ့လစိုက်ပြီး သကာလ ဒီနေ့တစ်တိုင် သွားရင် နက်ဖြန်နှစ်တိုင်သွားမဟ. . . (မှန်ပါ)၊ အံ့မလေး. . . ဘယ်သူနှိပ်စက်တာတုံး. . . (သုခဝေဒနာနှိပ်စက်တာပါဘုရား)။

ဒကာ ဒကာမတို့ ဒါလောက် အခိုင်းယဉ်တဲ့ ပုဂ္ဂိုလ်များ ဒကာကြွယ် တွေ့ဖူးရဲ့လား. . . (မတွေ့ဖူးပါ)၊ အခုသိပလား. . . (သိပါပြီဘုရား)။

## တွန်းလှန်မှုသာလွတ်ကင်းမယ်

ကိုင်း. . . ဒီက ရှေ့လျှောက်လို့ သူက ချမ်းသာချင်တယ်. . .၊ ဟင်. . . မလုပ်ဘူးကွာ. . . (မှန်ပါ)၊ မလုပ်ဘူးကွ-မလုပ်ဘူးကွာနဲ့ကို တွန်းလှန်မှုသာလျှင် ဒကာ ဒကာမတို့ ကျွန်စာရင်းမှ လွတ်ကင်းမယ်. . . (မှန်ပါ့)။

အခုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ပြုံးလိုက်-ဟင်. . . (မှန်ပါ့)၊ လုပ်ရတာကိုပင် ကျုပ်ဖြင့် အလုပ်ထဲပျော်လိုက်တာများ ပြောလိုက်သေးတယ်. . . (ပြောပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ဒါလောက်ပြော်ပါလိမ့်. . . (ကျွန်မှန်းမသိလို့ပါ)၊ ကျွန်မှန်းမသိလို့. . . (မှန်လှပါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ရက်ကန်းထောင်နေတာတွေ တောင်မြို့က ဒကာ ဒကာမတွေက နှစ်စင်က သုံးစင်၊ သုံးစင်က လေးစင်၊ ငါးစင်၊ တစ်ရာဖြစ်မယ်ဆိုရင်ဖြင့် အင်း. . . အကျိုးပေးလာတယ်၊ ကြီးစားမှု-ကြီးစားမှုတဲ့. . . (မှန်ပါ့)။

အင်း. . . သူက ကြီးစားမှုတဲ့ သုခဝေဒနာက ခိုင်းတုန်းရှိသေးတယ်၊ လုပ်ရတဲ့လူဖြင့် ထမင်းတောင် မစားနိုင်တော့ဘူး. . . (မှန်ပါ့)၊ စားနိုင်သေးရဲ့လား. . . (မစားနိုင်ပါ)၊ မစားနိုင်အောင်ခိုင်းတာက ဘယ်သူတုံး. . . (သုခဝေဒနာပါဘုရား)။

ဒါကို ဒကာကြွယ်က လက်သည်ခုထက်ထိမဖမ်းတော့

ဝေဒနာရှုမှုတော်မဟော့ သုခဝေဒနာလည်း သူနှိပ်စက်နေတာပဲ လို့ လာရဲ့လား. . . (မလာပါဘုရား)။

ဖျင်းလိုက်တဲ့ဖြစ်ခြင်း ဒကာကြွယ်ရေ. . . (မှန်ပါ)၊ ဒါ ကြောင့် ဆရာသမားကောင်းရှာပါဆိုတဲ့ဥစ္စာ ဒကာသစ် ပြော ထိုက်မပြောထိုက်. . . (ပြောထိုက်ပါတယ်ဘုရား)။

သူကိုယ်တိုင်ဖြင့် ဒီအကြောင်းပေါ် ကို မပေါ် ဘူး. . . (မှန် ပါ)၊ ပေါ် ပါ့မလား. . . (မပေါ် ပါဘုရား)။

ဟာ. . . သုခဝေဒနာ ဒါလောက် နှိပ်စက်နေပါကလား ဆိုပြီးသကာလ တို့ ကို မသေမချင်း ခိုင်းနိုင်တဲ့ စွမ်းရည်သတ္တိ ရှိ တာဖြင့် သုခဝေဒနာပါကလား. . . (မှန်ပါ)။

သူခိုင်းတာမလုပ်လို့ရှိရင်ဖြင့် သူက ချမ်းသာချင်တယ်၊ ကိုယ်က မမာမကျန်းရှိလာတာတောင်မှ ဝမ်းများနည်းလိုက်သေး တယ်. . . (မှန်ပါ)၊ ဘာဖြစ်လို့ ဝမ်းနည်းတာတုံး မေးတဲ့အခါကျ တော့ သုခဝေဒနာခိုင်းသလောက် မလုပ်နိုင်လို့. . . (မှန်ပါ ဘုရား)။

ဘယ်လိုကြောင့်ပါလိမ့် ဒကာသစ်ရေ. . . (သုခဝေဒနာ ခိုင်းသလောက် မလုပ်နိုင်လို့ပါ ဘုရား)။

မလုပ်နိုင်တော့ အိပ်ရာထဲကနေပြီးသကာလ ညည်းလုံး များထုတ်နေတယ်. . . (ထုတ်ပါတယ်)၊ အံမလေး. . . ဖြစ် မှဖြစ်ရလေဗျာ. . . (မှန်ပါ)၊ ဒကာ ဒကာမတွေ အိပ်ရာထဲများ ညည်းလုံး ထုတ်သေးတယ်. . . (ထုတ်ပါတယ်)၊ ငါ ထ, နိုင်ရင်

ထ, လုပ်သေးတယ်ကွ၊ အံမာ သားတွေ, မယားတွေများ တစ်ခါ ပြောလိုက်သေးတယ်. . . (ပြောပါတယ်ဘုရား)။

အင်း. . . နဂိုက သုခဝေဒနာခိုင်းထားလို့ ဒုက္ခတွေရောက်ပြီးသကာလ နေတာတောင်မှ လက်သည် မပေါ်သေးတော့ သူ့ကျွန်ပီသနေတော့ ထ,လုပ်ချင်သေးတယ်ဆိုတဲ့ စိတ်ဟာရှိသွားပြီ. . . (မှန်ပါ့ဘုရား)။

သေခါနီးအခါကျတော့ အလုပ်တန်းလန်းနဲ့များ သေသွားခါနီးတဲ့အခါကျတော့ ကျုပ်ဒါပဲ စိတ်မကောင်းတာ၊ မပြီးမပြတ်ဘဲနဲ့ သေရမှာတော့ ကျုပ်မကြိုက်ဘူး. . . (မှန်ပါ့ဘုရား)။

အံမာ ကျွန်ပေမယ့် ကျုပ်က အစအဆုံး လုပ်သွားချင်တယ်. . . (မှန်ပါ့)၊ ဒီအဓိပ္ပာယ်ဆိုတာ ပေါ်ပလား. . . (ပေါ်ပါပြီ)၊ဘယ်သူပါလိမ့် ဒကာ ဒကာမတို့. . . (သုခဝေဒနာပါဘုရား)။

ဒါလောက်ဆိုရင်လည်း ရိပ်မိလောက်ပါပြီ ထင်ပါရဲ့ဗျာ တစ်နာရီတောင်နီးနေပြီ. . . (မှန်ပါ့)၊ သုခဝေဒနာဘယ်လောက် နှိပ်စက်တယ်ဆိုတာ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ဒကာကြွယ် အခုမှ နည်းနည်းရိပ်မိတာ. . . (မှန်ပါ့)၊ ခေါင်းလည်းဖြူပြီ ဟုတ်လား. . . (မှန်ပါ့)၊ မျက်လုံးကမွဲပြီ၊ အားအင်ဗလလည်း ချိနဲ့နေပြီ. . . (မှန်ပါ့)၊ ဒီဟာတောင်မှ ကိုယ်၏စောင်မ,ခြင်း၊ နှုတ်၏ စောင်မခြင်းများ လုပ်ချင်သေးသလား. . . (မလုပ်ချင်ပါ)၊ သုခဝေဒနာခိုင်းလို့လေ. . . (မှန်ပါ့ဘုရား)။

ရှိသေးတယ် တချို့က အနီးအနားမှာထိုင်ပြီး ကိုယ်၏စောင်မှုခြင်း၊ နှုတ်၏စောင်မခြင်း၊ သုခဝေဒနာ ဒဏ်ချက်တွေက ဖြင့် လူချင်းမပီတော့ဘူး. . . (မှန်ပါ့)၊ အဲဒီလူချင်းမပီတာတောင်မှ ဘေးကနေပြီးသကာလ သူများလုပ်တာ အားမရသေးလို့ ကိုယ်တိုင်များလုပ်လိုက်ချင်သေးတယ်. . . (မှန်ပါ့)၊ ဘယ်သူ့ဒဏ်ချက်တွေမိနေတာတုံး. . . (သုခဝေဒနာဒဏ်ချက်တွေပါ)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ခိုင်းတဲ့ ဝေဒနာဟာ အရှင်သခင် ဘယ်နှယောက်တုံး. . . (ခြောက်ယောက်ပါ)၊ လုပ်တဲ့လူက ဘယ်နှစ်ယောက်တုံး. . . (တစ်ယောက်တည်းပါ)၊ ခိုင်းတဲ့လူက. . . (ခြောက်ယောက်ပါ)၊အို. . . သေလိမ့်မယ်. . . သေလိမ့်မယ်၊ ခင်ဗျားတို့ စိတ်သာချ. . . (မှန်ပါ့ဘုရား)။

ခိုင်းတဲ့လူက ခြောက်ယောက်၊ လုပ်တဲ့လူက တစ်ယောက်တည်းဆိုရင်တော့ ဒကာသစ် အားကွက်မြင်သေးရဲ့လား. . . (မမြင်ပါ)၊ ဒါကြောင့် ဘယ်နေ့များအားကြသတုံး. . . (ဘယ်နေ့မှ မအားပါဘုရား)။

ဟိုစာရင်းကလည်း မချုပ်ရသေး၊ ဟိုလူနဲ့ပြောစရာရှိတာကလည်းမပြီးသေး၊ ဟိုသွားစရာကိစ္စကလည်း ဆိုင်းထားရ. . . (မှန်ပါ့ဘုရား)၊ အံ့မလေး ရှုပ်လိုက်တဲ့ဖြစ်ခြင်း. . . (မှန်ပါ့)၊ ဘယ်သူခိုင်းထားတာတွေတုံး. . . (သုခဝေဒနာ ခိုင်းထားတာ တွေပါဘုရား)။

အင်း. . . မင်း မသွားရင် မပြီးဘူး၊ မင်း မပြောရင် မပြီးဘူး၊ မင့်ပဲ မျှော်နေကြတယ်များတောင် ပြောလိုက်သေးတယ် သုခဝေဒနာက. . . (မှန်ပ့ါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် သုခဝေဒနာ့ကြောင့် ကျွန်ဖြစ်နေရတယ်. . . (မှန်ပ့ါ)၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

သံသရာ့ကျွန်ဖြစ်နေတာလည်း ဘယ်သူ့ကြောင့်ပါလိမ့်. . . (သုခဝေဒနာကြောင့်ပါ)၊ ဟော. . . လူပြည်ထက် နတ်ပြည်ကောင်းတယ်ကွ၊ သုခဝေဒနာက ဟောပြန်ပြီ. . . (မှန်ပ့ါဘုရား)။

ဟောတဲ့အခါကျတော့ ဒကာသစ်တို့လူစုက နတ်ပြည်ရောက်ကြောင်းတွေလုပ်လိုက်ပြန်တော့ နတ်အို့နတ်နာ့နတ်သေ ဖြစ်ရမှာလား, မဖြစ်ရပေဘူးလား. . . (ဖြစ်ရမှာပါ)၊ဟာ. . . ဘယ်သူကလိုက်ပြီး သကာလ နှိပ်စက်ပြန်ပါလိမ့်. . . (သုခဝေဒနာက နှိပ်စက်တာပါ)၊ ဒီက သုခဝေဒနာကနေ လှမ်းနှိပ်စက်တယ်. . . (မှန်ပ့ါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ကိုင်း. . . ဒကာ ဒကာမတို့ ခင်ဗျားတို့နှိပ်စက်တဲ့ ဝေဒနာဆိုတာဖြင့် ဒုက္ခသစ္စာပေါ်ပါပြီ. . . (ပေါ်ပါပြီ)၊ ဟုတ်လား. . . (မှန်ပ့ါ)၊ ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာ၊ နှိပ်စက်တတ်တယ်ကွဆိုတော့ ဒကာသစ်ကဖြုန်းခနဲ ငေးနေတယ်. . . (မှန်ပ့ါ)၊ အခုတော့ဖြင့် ရိပ်မိသွားပြီ. . . (ရိပ်မိပါပြီ)၊ ဒကာကြွယ်ဘယ်သူက နှိပ်စက်နေသတုံး. . . (သုခဝေဒနာကနှိပ်စက်နေပါတယ်ဘုရား)။

သုခဝေဒနာဟာ ဝေဒနာက္ခန္ဓာမဟုတ်လား. . . (မှန်ပါ့)၊ ဒါဖြင့် ခန္ဓာငါးပါးက နှိပ်စက်တတ်တဲ့ တရားဆိုတာပေါ်ပလား. . . (ပေါ်ပါပြီ)၊ ဒါဖြင့် သူ့ကိုဘာသစ္စာဖွဲ့မတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

## ဒုက္ခသပိဋ္ဌနဋ္ဌော

အဲ. . . ဒုက္ခသပိဋ္ဌနဋ္ဌော. . . (မှန်ပါ့)၊ ဒုက္ခသ=ဝေဒနာဆိုတဲ့ ဒုက္ခသစ္စာ၏၊ ပိဋ္ဌနဋ္ဌော=သတ္တဝါကို ညှာတာမဖက်အမြဲနှိပ်စက်နေတယ်. . . (မှန်ပါ့)၊ ဘယ်သူ့မှမညှာဘူး. . . (မှန်ပါ့)၊ ဘုရားလည်းဆွမ်းခံရသေးတယ်. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘုရားလည်း ဆွမ်းခံရတာ ဘယ်သူ့ကြောင့်ပါလိမ့်. . . (သုခဝေဒနာကြောင့်ပါဘုရား)။

အရှင်ဘုရားဆွမ်းခံဦး၊ အရှင်ဘုရားဆွမ်းမခံလို့ရှိရင် ညနေကျလို့ရှိရင် ဆာလောင်မွတ်သိပ်တဲ့ ဝေဒနာရောက်ပါလိမ့်မယ်. . . (မှန်ပါ့)၊ ဒါမှ အရှင်ဘုရားချမ်းသာမှာပဲဆိုတော့ သုခကြောင့် ဒကာ ဒကာမတို့အခိုင်းကမလွတ်သေးဘူး. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ကဲ. . . ဘုရားလည်း ဆွမ်းခံရသေးတယ်ဆိုတော့. . . သူ့ကိုဒါ့ကြောင့် ဝေဒနီဋ္ဌေကွ. . . (မှန်ပါ့)၊ ဝေဒနာလည်းဖြစ်တယ်၊ အကုန်အပေါ်မှာ ကြီးစိုးနိုင်တယ်. . . (မှန်ပါ့)၊ သဘောကျ

ပလား. . . (ကျပါပြီဘုရား)။

ဝေဒနာဟာ အလုံးစုံအကုန်ပေါ်မှာ ကြီးစိုးနိုင်ပါတယ် ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကဲ. . . ဒါဖြင့် ဝေဒနာလည်းခြောက်မျိုး. . . (မှန်ပ့ါ)၊ အခိုင်းခံရတဲ့ လူက ဘယ်နှယောက်တဲ့. . . (တစ်ယောက်ပါ)၊ ခိုင်းတတ်တဲ့ တရားက. . . (ခြောက်မျိုးပါဘုရား)။

## ဝေဒနာခြောက်ယောက်က ဝိုင်းရိုက်တယ်

အင်း. . . ဒကာကြွယ်ရိပ်မိပြီ. . . (ရိပ်မိပါပြီ)၊ အရိုက်ခံရတဲ့ လူက တစ်ယောက်တည်း၊ ရိုက်တဲ့လူက ခြောက်ယောက်၊ အားကောင်းတဲ့လူက ရိုက်မယ်ဆိုရင်ဖြင့် ဒကာ ဒကာမတို့ သေပွဲဝင်ဖို့ဖြင့် ကေန်ပါပဲ. . . (မှန်ပ့ါဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ တချို့အရွယ်မရောက်ဘူး ဆံဖြူ သွားကျိုးပြီးသကာလ ဖြစ်နေတာ ဝေဒနာခြောက်ယောက်ဝိုင်းရိုက်လို့. . . (မှန်ပ့ါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဝေဒနာခြောက်ယောက်က ဘာလုပ်လိုက်သလဲ. . . (ဝိုင်းရိုက်ပါတယ်)၊ ဝိုင်းပြီးနှိပ်စက်ချလိုက်တယ်. . . (မှန်ပ့ါဘုရား)။

ဒါကြောင့် ဒီခန္ဓာကြီး မကောင်းဘူးဆိုတာ ဦးလှဘူးပေါ်လာတယ်. . . (ပေါ်လာပါတယ်)၊ ဝေဒနာက္ခန္ဓာဟာ ခင်ဗျားတို့ကကောင်းတယ်ထင်သလား. . . (မကောင်းပါ)၊ ခင်ဗျားတို့

ကျွန်သပေါက်လုပ်ခိုင်းနေတာ သေချာပလား. . . (သေချာပါပြီ)၊ ကဲ. . . ဒါကသုခဝေဒနာက နှိပ်စက်တာ. . . (မှန်ပါ့ဘုရား)။

## ဒုက္ခဝေဒနာက နှိပ်စက်တယ်

ဒုက္ခဝေဒနာကလည်း ဒကာ ဒကာမတွေ ယားတယ်, ယံတယ်,နာတယ်, ကိုက်တယ်ဆိုလို့ရှိရင်ဖြင့် ဆေးရှာပေးပါဦး၊ ဟုတ်လား. . . (မှန်ပါ့)၊ ဓာတ်စာရှာပေးပါဦး. . . (မှန်ပါ့)၊ ဒကာသစ်ရေ. . . ပြေးရ,လွှားရပြီ. . . (မှန်ပါ့)၊ ဘယ်သူက နှိပ်စက်တာတုံး. . . (ဒုက္ခဝေဒနာက နှိပ်စက်တာပါ)၊ ဒုက္ခဝေဒနာက နှိပ်စက်တာကော ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ကဲ. . . ဒုက္ခဝေဒနာက ဒီတင် နှိပ်စက်လို့အားမရသေးဘူး၊ ဆေးရှာ ဝါးရှာခိုင်းတာလည်း နှိပ်စက်လို့အားမရသေးဘူး. . . (မှန်ပါ့)၊ မင်းဒီဘာဂဒုက္ခရောက်နေတယ်တဲ့၊ နောက်ချမ်းသာအောင် မင်းကြိုးစားဦးတဲ့. . . (မှန်ပါ့)။

## နတ်ပြည်ရောက်တော့ နတ်ဒုက္ခတွေ့တယ်

နတ်ပြည်, ဗြဟ္မာ့ပြည်ရောက်အောင် ကြိုးစားဦး. . . (မှန်ပါ့)၊ အင်း. . . ဒုက္ခဝေဒနာက တရားဟောတာနဲ့ ကျုပ်တို့က နတ်ပြည်,ဗြဟ္မာ့ပြည်ရောက်တော့ နတ်ပြည်ကျတော့လည်း ဒီဒုက္ခတွေ့ပြန်တာပဲ. . . (တွေ့ပါတယ်).၊ မတွေ့ဘူးလား. . .

(တွေ့ပါတယ်)၊ ဒါ ဘယ်ဝေဒနာက နှိပ်စက်သတုံး. . . (ဒုက္ခဝေဒနာက နှိပ်စက်ပါတယ်ဘုရား)။

ဒကာကြွယ် ဝေဒနာသုံးမျိုးဟာ ဒုက္ခသစ္စာနော်. . . (မှန်ပါ့)၊ သတ္တဝါကိုညာတာမဖက် အမြဲနှိပ်စက်တာ ဘယ်သူပါလိမ့်. . . (ဒုက္ခသစ္စာပါ)၊ ဝေဒနာပဲ. . . (မှန်ပါ့)၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ. . . (မှန်ပါ့)။

## ဥပေက္ခာဝေဒနာ အခွန်ဆက်ဖို့

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ ဥပေက္ခာဝေဒနာကလေး ထည့်ကြပါဦးစို့. . . (မှန်ပါ့)၊ ဥပေက္ခာဝေဒနာက မြင်တယ်ဆိုရင် ဥပေက္ခာဝေဒနာ. . . (မှန်ပါ့)၊ စားတယ်ဆိုရင် ဥပေက္ခာ ဝေဒနာ. . . (မှန်ပါ့)။

သူတို့ကလည်း ဒကာ ဒကာမတို့ ဥပေက္ခာဝေဒနာကလေးကလည်း သူ့ကိုလိုက်ပို့ဦး ဘိုင်စကုတ်-ဓာတ်ရှင်ကို ဆိုတော့ ဥပေက္ခာ ဝေဒနာလိုက်ပို့ရမယ်. . . (မှန်ပါ့)၊ ခင်ဗျားတို့က ပိုက်ဆံထုတ်ရတယ်၊ ဥပေက္ခာဝေဒနာ ပေါ်အောင်လို့. . . (မှန်ပါ့)။

ဘာလုပ်ရသတုံး. . . (ပိုက်ဆံထုတ်ရပါတယ်)၊ ဒီပိုက်ဆံ သူ့ဘယ်သူ ရှာခိုင်းသတုံး မေးတဲ့အခါကျတော့မှ သူ့မျက်လုံး အခွန်ဆက်ဖို့ ရှာရတာ. . . (မှန်ပါ့)။

## မျက်လုံးအခွန်ဆက်ဖို့

မျက်လုံးအခွန်ဆက်ဖို့ တစ်ခါတည်း လည်ပြီးသကာလ တစ်နေ့လုံး သူများနဲ့ ငြင်းဟယ်, ပြုဟယ် ဟုတ်လား၊ မရ-ရကြောင်း လုပ်ဟယ်၊ မမြတ်-မြတ်အောင်လုပ်ဟယ်၊ အမျိုးမျိုး အဖုံဖုံ ညဏ်စွမ်းရှိသလို ထုတ်ဟယ်. . . (မှန်ပါ့)။

ဒီမျက်လုံးအခွန်ဆက်ဖို့. . . (မှန်ပါ့)၊ ပွဲလမ်းသဘင် ရှိရင် သူများနဲ့ အတူတူကြည့်နိုင်ဖို့. . . (မှန်ပါ့ဘုရား)။

ဒကာကြွယ် ပေါ်ပလား. . . (ပေါ်ပါပြီ)၊ မျက်လုံး ဘာ ဝေဒနာတုံး. . . (ဥပေက္ခာဝေဒနာပါ)၊ အဲဒီ မျက်လုံးပေါက်က ဥပေက္ခာဝေဒနာ အခွန်ဆက်ဖို့ကို ဘယ်လောက်ရှာရတယ် ဆိုတာကော ဒကာသစ် ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

## နားဝေဒနာကလည်း နှိပ်စက်

နားပေါက်ကလည်း သူများအိမ်မှာ ရေဒီယိုရှိတယ်၊ ဂရမ်မာဖုံး ရှိတယ်၊ အမျိုးမျိုးအဖုံဖုံ ဟုတ်လား၊ ရီကော်တာရှိတယ်. . . (မှန်ပါ့ဘုရား)။

တို့လည်း အစုံအလင်ရှိမှ တော်မှာပဲ၊ သူများဆီ သွားနားထောင်ရတာ တယ်အောက်ကျတယ်. . . (မှန်ပါ့)၊ အစရှိသည်နဲ့ ဆိုတော့ နားပေါက်ကို အခွန်ဆက်ချင်တာနဲ့လည်း နားနဲ့ပတ်သက်တဲ့ ပစ္စည်းကြောင့် ရှာလိုက်-ဖွေလိုက်ရတာလည်း

ဒကာကြွယ် အားသေးသလား. . . (မအားပါဘုရား)၊နားဝေဒနာ ကနေ နှိပ်စက်တာ. . . (မှန်ပါ့ဘုရား)။

## နှာခေါင်းဝေဒနာက နှိပ်စက်တယ်

နှာခေါင်းဝေဒနာကလည်း ထိုနည်းအတူပဲ အမွှေးအကြိုင် အစရှိသည်တို့ကို သူနှိပ်စက်တာနဲ့ပဲ ဒကာ ဒကာမတွေ ဝယ်လို့ ခြမ်းလို့ကိုပြီးရဲ့လား. . . (မပြီးပါ)၊ ကုန်ပြန်ရင်အဝယ်ခိုင်းပြန် တာပဲ. . . (မှန်ပါ့ဘုရား)။

ကုန်ပြန်ရင်ရော. . . (အဝယ်ခိုင်းပါတယ်)၊ ဒီထက်ကောင်း တာကော. . . (အဝယ်ခိုင်းပါတယ်)၊ သူအဝယ်ခိုင်းနေတာ နှာ ခေါင်းအခွန်ဆက်နေရတာနဲ့ကို မအားပါဘူး. . . (မအားပါ)၊ ရိပ် မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဘာတွေ အခွန်ဆက်နေရသတုံး. . . (နှာခေါင်းအခွန် ဆက်နေရပါတယ်)၊ နှာခေါင်းဝေဒနာ အခွန်ဆက်နေတယ်. . . (မှန်ပါ့ဘုရား)။

## လျှာဝေဒနာကို အခွန်ဆက်ရတယ်

လျှာဝေဒနာကလည်း တစ်နေ့နှစ်ကြိမ် ကောင်းကောင်း စားမယ် ကိုင်း. . . (မှန်ပါ့)၊ လျှာပေါ်မှာ ဥပေက္ခာဝေဒနာက မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

အဲဒီ ဥပေက္ခာဝေဒနာ လျှာပေါ်မှာ ကောင်းကောင်း ကလေးဖြစ်ဖို့ကိုလည်း ဒဂေါသစ်တို့ အို. . . နှစ်ပေါင်းများစွာ စုပြီးသကာလ ရှာရတာတစ်မျိုး. . . (မှန်ပါ့)၊ နှစ်ပေါက်လှောင် ထားရတာ တစ်မျိုး. . . (မှန်ပါ့)၊ မရှိဘူးလား. . . (ရှိပါတယ် ဘုရား)။

ဒါ. . . ဘယ်ဝေဒနာ အခွန်ဆက်ဖို့ပါလိမ့်. . . (လျှာ အခွန်ဆက်ဖို့ပါဘုရား)၊ လျှာဥပေက္ခာဝေဒနာ အခွန်ဆက် ဖို့. . . (မှန် ပါ့ဘုရား)။

ဟိုအိမ်မှာ ဟိုချောင်မှာ သိပ်ထားတဲ့ ဆန်အိတ်တွေ, ဆီပုံး တွေ ငါးပိ-ငါးခြောက်တွေ ဟာ. . . ဘာလုပ်တာတုံး ဒီဥစ္စာတွေ လို့ ပြောရင် နှစ်ပေါက်အခွန်ဆက်ရအောင်လို့. . . (မှန်ပါ့)၊ ဘယ်သူပါလိမ့်ဗျာ. . . (လျှာဥပေက္ခာဝေဒနာ အခွန်ဆက်ရ အောင်လို့ပါဘုရား)။

ဒါဟာ နှစ်ပေါက်အခွန်ဆက်နိုင်အောင်, ဝယ်နိုင်အောင် လည်း လျှာပေါက်ဝေဒနာက ကြီးစိုးပြီးခိုင်းတာနဲ့ ကျုပ်တို့ဒါ လောက် လှောင်ဖြစ်တာ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဥပေက္ခာဝေဒနာကိုလည်း မနိုင်သေးသ ရွေ့ ကာလပတ်လုံး နှိပ်စက်ဦးမှာပဲ. . . (မှန်ပါ့)၊ ဒကာကြွယ် ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

သူကလည်း တစ်ခါ ဒီပြည်မှာ လူပြည်တွေလှတယ်,

ပတယ်, ကောင်းတယ်ဆိုတာ အပိုကွ၊ နတ်ပြည်ဟာ ဒိထက်သာတယ်၊ ဗြဟ္မာ့ပြည် ဒိထက်သာတယ်လို့ အမြင်အထင်မှာ ဒိထက် သာတယ်၊ အကြားအမြင်မှာလည်း ဒိထက်သာတယ်၊အစားအသောက်မှာလည်း ဒိထက်သာတယ်လို့ဆိုပြီး ဥပေက္ခာဝေဒနာ ပြုခိုင်းတာနဲ့ ခင်ဗျားတို့ ဒါန-သီလတွေ လုပ်ရပြန်တယ်. . . (မှန်ပါ့)၊ မလုပ်ရဘူးလား. . . (လုပ်ရပါတယ်ဘုရား)။

လုပ်ရတဲ့အခါကျတော့ အဲဒီရောက်ကြောင်းတွေ လုပ်ရတဲ့ဒုက္ခလည်း မသေးလှဘူး. . . (မသေးပါဘုရား)။

ရောက်သွားတော့ ဟိုကျတော့ အိုပွဲ,နာပွဲ,သေပွဲတွေကော မတွေ့ရဘူးလား. . . (တွေ့ရပါတယ်)၊ဒါတွေက ဘယ်ဝေဒနာက နှိပ်စက်တာတုံး. . . (ဥပေက္ခာဝေဒနာက နှိပ်စက်တာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဥပေက္ခာဝေဒနာသည် ပစ္စုပ္ပန်မှာလည်း မအားအောင် လုပ်ရတယ်. . . (မှန်ပါ့)၊ သံသရာမှာလည်း အိုပွဲ, နာပွဲ,သေပွဲတွေ အမျိုးမျိုး အဆင်ခိုင်း-အနွဲခိုင်းနေတာ ဘယ်သူပါလိမ့်. . . (ဥပေက္ခာဝေဒနာပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ ယနေ့သဘောကျပြီ. . . (ကျပါပြီဘုရား)။

## ဝေဒနာသုံးမျိုး အမြဲနှိပ်စက်နေတယ်

ဒကာကြွယ် ဘယ်ဝေဒနာသည် သတ္တဝါကို ညှာတာမဖက်အမြဲနှိပ်စက်နေတယ်. . . (မှန်ပါ့)၊ သုခကလည်း ညှာတာ

မဖက်. . . (နှိပ်စက်ပါတယ်ဘုရား)။

ဒုက္ခဝေဒနာကကော. . . (ဉာတာမဖက်နှိပ်စက်ပါတယ်)၊ ဥပေက္ခာဝေဒနာကကော. . . (ဉာတာမဖက်နှိပ်စက်ပါတယ်)၊ သဘောကျပြီ. . . (ကျပါပြီဘုရား)။

## ရေထဲကငါး၊ ကုန်းပေါ်မှာသေတယ်

အဲဒါကြောင့် ဘုန်းကြီးက ခဏခဏပြောပါတယ်၊ ဒကာဒကာမတို့ ရေထဲကငါး ကုန်းပေါ်မှာ အရှင်လတ်လတ်သေတာ မြင်ဘူးရဲ့လားလို့မေးရင် ဒကာ ဒကာမတွေ ဘယ့်နှယ်ဖြေကြမလဲ. . . (မြင်ဖူးပါတယ်ဘုရား)။

ဩော်. . . ရေထဲက ငါးပဲ ရေထဲမွေးတာပဲ ရေထဲသေပါစေတော့. . . (မှန်ပါ့)၊ မဟုတ်ဘူးတဲ့ ဝေဒနာသုံးပါး နှိပ်စက်တာ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဥပေက္ခာဝေဒနာ

ငါးစာကလေးကို ငါးမျှားတဲ့လူက ငါးစာကလေးပြတယ်၊ ငါးစာကလေးချလိုက်တော့ ငါးမှာရှိတဲ့မျက်လုံးမှာ ဥပေက္ခာဝေဒနာ သွားမြင်တယ်. . . (မှန်ပါ့)။

## သုခဝေဒနာ

ငါးမျက်လုံးက ဘာဝေဒနာတုံး. . . (ဥပေက္ခာဝေဒနာပါ)၊ ဥပေက္ခာဝေဒနာက ငါးစားကလေးပြလိုက်တယ်. . . (မှန်ပ့ါ)၊ အတွင်းမှာရှိတဲ့ သုခဝေဒနာက မခံစားချင်ဘူးလား. . . (ခံစားချင်ပါတယ်)၊ ခံစားချင်တဲ့အခါ ဒီငါးက သွားမျိုလိုက်တယ်. . . (မှန်ပ့ါဘုရား)။

ဒါဖြင့် သုခဝေဒနာကြောင့် မျိုမိတယ်. . . (မှန်ပ့ါဘုရား)၊ ဥပေက္ခာဝေဒနာက ပြတယ်. . . (မှန်ပ့ါ)။

## ဒုက္ခဝေဒနာ

သုခဝေဒနာက. . . (မျိုမိပါတယ်ဘုရား)၊ အင်း. . . ဒါနဲ့ ငါးမျှားချိတ်ကြီးနဲ့ ချိတ်ပြီး အပေါ်မှာရိုက်တော့ကို ဒုက္ခဝေဒနာတွေနဲ့ သေရတယ်. . . (မှန်လှပါဘုရား)။

ဒါဖြင့် ငါးတစ်ကောင်မှာ သေရခြင်းသည် ဝေဒနာ ဘယ်နှပါးသဘောတူနှိပ်စက်တာတုံး. . . (သုံးပါးသဘောတူ နှိပ်စက်ပါတယ်ဘုရား)။

ဒါ့ကြောင့် ရေထဲကငါး ကုန်းပေါ်မှာ သေရရှာတယ်. . . (မှန်ပ့ါ)၊ ဘယ်သူ နှိပ်စက်တာပါလိမ့်. . . (ဝေဒနာ သုံးပါးနှိပ်စက်တာပါဘုရား)၊ ဝေဒနာနှိပ်စက်တယ်ဆိုတာ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

## ခန္ဓာမရှိတဲ့ နေရာသွားမှပဲ

ဒါဖြင့် ဒကာကြွယ်ရေ. . . ဝေဒနာမရှိတဲ့နေရာ ကျုပ်တို့သွားမှပဲ. . . (မှန်ပါ့)၊ ခန္ဓာမရှိတဲ့နေရာသွားမှာပဲ. . . (မှန်ပါ့)၊ ခန္ဓာရှိတဲ့နေရာသာ နေမယ်ဆိုရင် သူတို့နှိပ်စက်တာနဲ့ကျုပ်တို့ဖြင့် သေလို့ပဲမအားတော့ဘူး. . . (မအားပါဘုရား)၊ အားပါဦးမလား. . . (မအားပါဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီခန္ဓာကိုဖြင့် ရွံကြပါကွ. . .၊ မုန်းကြပါကွ၊ မမွေ့လျော်တဲ့စိတ်ပေါ်အောင်ကြိုးစားကြစမ်းပါကွ ဆိုတာ ခင်ဗျားတို့က သာမညပြောတယ်ထင်နေတယ်. . . (မှန်လှပါ)၊ အခု သေသေချာချာ စဉ်းစားတော့မှ ဝေဒနာသုံးမျိုးဟာ တို့ကို သတ်နေတဲ့သုံးမျိုး. . . (မှန်ပါ့)။

တို့ကို လူစဉ်မမီအောင်လုပ်တာလည်း ဒီဝေဒနာပဲ. . . (မှန်ပါ့)၊ တို့ကို သေအောင်သတ်နေတာလည်း. . . (ဝေဒနာပါဘုရား)။ သဘောကျပလား. . . (ကျပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ သန္တာန်မှာ ဝေဒနာရှိရဲ့လား. . . (ရှိပါတယ်ဘုရား)။ ထမင်းစားကောင်းတော့ဘာဝေဒနာတုံး. . . (သုခဝေဒနာပါ)၊ စားမကောင်းတော့. . . (ဒုက္ခဝေဒနာပါ)၊ စားမကောင်းရင်လည်း သေတော့မှာပဲ. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

စားကောင်းတော့ သုခဝေဒနာ. . . (မှန်ပါ့)၊ ဥပမာ-ဓာတ်စာတစ်ခုစားလိုက်တယ်၊ ကိုယ်နဲ့မတည့်တာ၊ သုခဝေဒနာ

ကတော့ ကောင်းနေတာပဲ. . . (ကောင်းပါတယ်ဘုရား)။ တော်တော်ကြာကျတော့ ဒီသုခဝေဒနာ စားမိတာနဲ့ ဒုက္ခဝေဒနာ၊ မတည့်တဲ့အစာတွေ ဖြစ်သောကြောင့် ရောဂါဆိုတဲ့ ဒုက္ခဝေဒနာ မလာဘူးလား. . . (လာပါတယ်ဘုရား)။

ဒါဖြင့် သုခဝေဒနာကို အလိုလိုက်မိတာနဲ့ ဒုက္ခဝေဒနာ လက်တွင်း အပ်လိုက်သလို ဖြစ်နေတယ်. . . (မှန်ပါ့)။

## သုခဝေဒနာက အခေါ်သမား

ဒါဖြင့်. . . သုခဝေဒနာက ဒကာ ဒကာမတို့ကို လိမ်လည် ကောက်ကျစ်သမား. . . (မှန်ပါ့)၊ လိမ်လည် ကောက်ကျစ်ပြီး သတ်ရာဌာနသို့ အခေါ်သမား. . . (မှန်ပါ့)၊ ဒုက္ခဝေဒနာက အသတ်သမား. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

ဒါဖြင့် သုခဝေဒနာနဲ့ ဒုက္ခဝေဒနာသည် ဒကာ ဒကာမတို့ တိုင်ပင်ဖော် တိုင်ပင်ဖက်. . . (မှန်လှပါဘုရား)၊ သုခဝေဒနာ က ခင်ဗျားတို့ မတည့်တာကို တည့်အောင်အစားခိုင်းတယ်. . . (မှန်ပါ့)၊ တော်တော်ကြာကျတော့ မတည့်တဲ့အစာဖြစ်ပြီး ဒုက္ခဝေဒနာဖြစ်ပြီး သုသာန်ပို့ရတယ်. . . (မှန်လှပါဘုရား)၊ မပို့ရဘူးလား. . . (ပို့ရပါတယ်ဘုရား)။

## ဒုက္ခဝေဒနာက အသတ်သမား

အင်း. . . ဒီဝေဒနာနှစ်ခုသည် ဒကာ ဒကာမတို့တစ်ယောက်ကလည်း သုသာန်ပို့ဖို့ နေရာဌာနအနီးရောက်အောင် ပို့တာပဲ. . . (မှန်ပ့ါ)။ တစ်ယောက်ကလည်း အနီးရောက်တော့ သူနိုင်တာနဲ့ သတ်လိုက်တာပဲ. . . (မှန်ပါ)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝေဒနာသုံးမျိုးသည် သဘောတူကျုပ်တို့ကို နှိပ်စက်သောကြောင့် ဒုက္ခသစ္စာ. . . (မှန်ပ့ါ)။

ဝေဒနာသုံးမျိုးသည်. . . (သဘောတူနှိပ်စက်သောကြောင့် ဒုက္ခသစ္စာပါဘုရား)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒကာကြွယ် အိမ်တွင်း ပဋိစ္စသမုပ္ပါဒ် တစ်လုံးတည်းဟောနေသေးတယ်. . . (မှန်ပ့ါ)၊ ကိုးလုံးပြည့်အောင်ဟောရမှာ. . . (မှန်ပ့ါ)။

## ခမ္မာနုပဿနာ ကြပ်ကြပ်ရှုစမ်းပါ

ကိုးလုံးဟောရမှာ ယနေ့ သူ့ကို ဒုက္ခသစ္စာ၊ ဒါ့ကြောင့် ဒကာ ဒကာမတွေ အလုပ်-လုပ်တဲ့အခါ ဝေဒနာကလေးတွေက သုခပေါ်လည်း ဟာ. . . နှိပ်စက်တတ်တဲ့ ဒုက္ခသစ္စာ. . . ဒီလိုဝိပ ဿနာရှုပါ. . . (မှန်ပ့ါ)။

ဒုက္ခဝေဒနာကလေး ပေါ်လာရင်. . . (နှိပ်စက်တတ်တဲ့

ဒုက္ခသစ္စာ)၊ နှိပ်စက်တတ်တဲ့ ဒုက္ခသစ္စာ. . . (မှန်ပါ့)။

ဥပေက္ခာဝေဒနာကလေးပေါ်လာရင်. . . (နှိပ်စက်တတ်တဲ့ဒုက္ခသစ္စာ)၊ နှိပ်စက်တတ်တဲ့ ဒုက္ခသစ္စာလို့ဆိုပြီးမမွာနုပဿနာကြပ်ကြပ်ရှုစမ်းပါ. . . (မှန်ပါ့)။

## ဒုက္ခကိုပိုင်ပိုင်နိုင်နိုင်သိတယ်

ရှုလိုက်လို့ရှိရင်ဖြင့်တဲ့ ဒကာ ဒကာမတို့ ဝေဒနာကို ကျုပ်တို့က နိုင်သွားတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။ ဝေဒနာကို ကျုပ်တို့က မင်း- နှိပ်စက်တတ်တဲ့တရားကိုးလို့ သိသည်နဲ့တစ်ပြိုင်နက်တည်း ဒုက္ခကိုပိုင်ပိုင်နိုင်နိုင်သိတာပဲ. . . (မှန်ပါ့)။

ဒုက္ခကို. . . (ပိုင်ပိုင်နိုင်နိုင် သိပါတယ်ဘုရား)၊ ဒုက္ခကို ပိုင်ပိုင်နိုင်နိုင်သိတယ် ဆိုကတည်းက ဝေဒနာနောက်က တဏှာက လိုက်နိုင်သေးရဲ့လား. . . (မလိုက်နိုင်ပါဘုရား)၊တဏှာမှ မလိုက်နိုင်ဘဲ ကံတွေက ကျုပ်တို့ကို နောက်ဘဝ လုပ်နိုင်သေးရဲ့လား. . . (မလုပ်နိုင်ပါဘုရား)၊ မလုပ်နိုင်လို့ရှိရင်ဖြင့် ကျုပ်တို့ ဝေဒနာနိုင်ရင် နိဗ္ဗာန်ရောက်တာပဲ. . . (မှန်ပါ့)။

ဘယ်လိုဆိုကြမယ်. . . (ဝေဒနာနိုင်ရင် နိဗ္ဗာန်ရောက်ပါတယ်ဘုရား)၊ ဒါဖြင့် ဒကာကြွယ် သုခဝေဒနာလာလည်း ဒုက္ခသစ္စာရှု. . . (မှန်ပါ့)။

## နိုပ်စက်တတ်တဲ့ ဒုက္ခဖြစ်အောင်ရှု

ဒါ့ကြောင့် ဘုရားက 'သုခါ ဘိက္ခဝေ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ'. . . (မှန်ပါ့)၊ ဘိက္ခဝေ- ငါ၏ချစ်သား တပည့်များတို့၊ သုခါ ဝေဒနာ- မင်းတို့နှိပ်စက်တဲ့ သုခဝေဒနာကို မင်းတို့ ကြိုက်နေတဲ့ သုခဝေဒနာကို၊ ဒုက္ခတော- နှိပ်စက်တဲ့ဒုက္ခအားဖြင့်၊ ဒဋ္ဌဗ္ဗာ- ရှုဖြစ်အောင်ရှုပါ။ သံယုတ်ပါဠိတော်မှာ. . . (မှန်ပါ့)၊ သဘောပါကြပလား. . . (ပါပါပြီဘုရား)။

အင်း. . . သုခဝေဒနာလာလည်း နှိပ်စက်တတ်တဲ့ ဒုက္ခဝေဒနာလို့ ရှုရမယ်. . . (မှန်ပါ့)၊ ဒုက္ခလာလည်း. . . (နှိပ်စက်တတ်တဲ့ တရားလို့ ရှုရပါမယ်ဘုရား)၊ ဥပေက္ခာလာလည်း. . . (နှိပ်စက်တတ်တဲ့ တရားလို့ ရှုရပါမယ်ဘုရား)။

ဒါဖြင့် ရှုလိုက်တဲ့အခါကျတော့ သူကဖြစ်ပျက်၊ ရှုတာက မဂ်. . . (မှန်လှပါဘုရား)၊ သေတာက သမုဒယ၊ ရမှာက နိရောဓဆိုတော့ ဒကာသစ် ဘာပူစရာရှိသေးသလဲ. . . (မရှိပါဘုရား)။

## ဝေဒနာက စိုင်းမယ် သတ်မယ်

ဒါဖြင့် ဒကာ ဒကာမတို့ ဝေဒနာမရှုလို့ရှိရင်ဖြင့် ကျုပ်တို့ကို ဝေဒနာက သတ်လိမ့်မယ်. . . (မှန်လှပါ)။

ဝေဒနာမရှုရင်. . . (ဝေဒနာက သတ်မှာပါဘုရား)၊

ဝေဒနာက ခိုင်းမယ်၊ ဝေဒနာက သတ်မယ်. . . (မှန်ပါ့ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ယနေ့ အိမ်တွင်းပဋိစ္စသမုပ္ပါဒ်မှာ သုခဝေဒနာခ, နေတယ်ဆိုတာတော့ဖြင့် သိပြီ. . . (သိပါပြီဘုရား)၊ မဆုံးသေးဘူး ဒကာသစ်, ရ၊ သူကပွားမယ်. . . (မှန်ပါ့)၊ သူက ကျေးဇူးပြုလိုက်တာ ကိုးချက်ကျအောင်သွားမယ်. . . (မှန်ပါ့)။

ကိုးချက်ကျအောင် သွားမယ်၊ သုခဝေဒနာက နေပြီး ကျေးဇူးပြုလိုက်တာ. . . (မှန်ပါ)။

ဒကာကြွယ် ဘယ်လောက်များ အကြောင်းအကျိုးဆက်ရှည်တယ်ဆိုတာ ဝေဒနာမရှုလို့ရှိရင် ခင်ဗျားတို့ ဒုက္ခကိုးမျိုး ရဦးမယ်ဆိုတာ ဘုရားဟောတယ်. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

## ဝေဒနာလာတိုင်း ဝိပဿနာရှုပါ

ဒါဖြင့်. . . ဝေဒနာ လာတိုင်း. . . လာတိုင်း ဝိပဿနာရှုပါ. . . (မှန်ပါ့)၊ ဘယ်လိုရှုကြမယ်. . . (ဝေဒနာလာတိုင်း လာတိုင်း ဝိပဿနာရှုရပါမယ်ဘုရား)၊ ဝေဒနာလာတိုင်း လာတိုင်း ဖြစ်ပျက် ဒုက္ခသစ္စာလို့ရှု. . . (မှန်ပါ့)။

ဝေဒနာလာတိုင်း လာတိုင်း. . . (ဖြစ်ပျက်ဒုက္ခသစ္စာလို့ ရှုရပါမယ်ဘုရား)၊ သုခ လာလည်းဖြစ်ပျက်ဒုက္ခသစ္စာ. . . (မှန်ပါ့)၊

ဒုက္ခလာလည်း. . . (ဖြစ်ပျက်ဒုက္ခသစ္စာပါဘုရား)၊ ဥပေက္ခာလာလည်း. . . (ဖြစ်ပျက်ဒုက္ခသစ္စာပါဘုရား)။

## နောက်ခန္ဓာမလာတာက နိရောဓသစ္စာ

အဲဒီလိုချည့်ရှုတော့ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ရှုတာက မဂ္ဂသစ္စာ၊ သေတာက သမုဒယသစ္စာ. . . (မှန်လှပါ)၊ နောက်ခန္ဓာမဖြစ်တာက နိရောဓသစ္စာ. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ကဲ. . . ယနေ့ ဒီတွင် တော်ကြဦးစို့. . .။

သာဓု. . . သာဓု. . . သာဓု